မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါခေါင်လကွယ်နေ့၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ် ၂၈ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၀)၊ အမှတ် (၃၂၆)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်အစိုးရလက်ထက် (၅)စင်းမြောက် နဂါးပေါက်တံတား ပဲခူးတိုင်းဒေသကြီး၌ဖွင့်လှစ်

ဒေသထွက်ကုန်များကို မြန်ပြည်အနှံ့ မြန်ဆန်သွက်လက်စွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်

နေပြည်တော် ဩဂုတ် ၂၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၆)က တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ဒိုက်ဦး-စစ်တောင်းလမ်းပေါ်ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရလက်ထက် (၅)စင်းမြောက်ဖွင့်လှစ်သော နဂါးပေါက်တံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါ တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းက တံတားကြီး တည်ဆောက်ဖွင့်လှစ်ပေးသည့်အတွက် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

နဂါးပေါက်တံတားသည် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦး-စစ်တောင်းလမ်း မိုင်တိုင်အမှတ်(၇/၄)တွင် တည်ရှိ၍ တံတားအမျိုးအစားမှာ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး စုစုပေါင်း တံတားအရှည်ပေ ၂၄၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်း တစ်ဖက်လျှင် ၃ ပေစီ ပါရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ (ယာဉ်+ကုန်) တန် ၆၀ ဖြစ်သည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❖

ဝေါမြို့နယ် ဒိုက်ဦး- စစ်တောင်းလမ်းပေါ်ရှိ နဂါးပေါက်တံတား ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံနှင့်ပြည်သူ၏ အနာဂတ် လျှပ်စစ်စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်တော့မည့်

သောက်ရေခပ် (၂) ရေအားလျှပ်စစ်စီမံကိန်း —

သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်နေမှုကို တွေ့ရစဉ်။

သတင်းဆောင်းပါး – ညီညီထွန်း (သတင်းစဉ်)
ဓာတ်ပုံ – သန်းဦး (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၇

နိုင်ငံတော်၏ စီးပွားရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ မြင့်မားလာရေးတို့အတွက် လျှပ်စစ်ဓာတ်အား လုံလောက်စွာ သုံးစွဲနိုင်ရေးသည် အဓိကကျသော လိုအပ်ချက်တစ်ခုဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတော်အနေဖြင့် နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက် သုံးစွဲလာနိုင်ရေးအတွက် ရေအားလျှပ်စစ်စီမံကိန်းကြီးများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။ ရေအားအရင်းအမြစ်များတည်ရှိရာ မြစ်၊ ချောင်းများ၊ မြစ်ဝှမ်းများ၌ ယင်းစီမံကိန်းကြီးများကို တည်ဆောက်ပေးနေခြင်းဖြစ်သည်။

အကျိုးရှိစွာသုံးစွဲ

ပဲခူးတိုင်းဒေသကြီးအတွင်းတွင်လည်း ပဲခူးရိုးမကို အခြေပြုပြီး စီးဆင်းလျက်ရှိသည့် မြစ်၊ ချောင်းများကို တန်ဖိုးရှိရှိအသုံးချ၍ ဆည်တာတမံလုပ်ငန်းများ၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအခါ ယင်းဒေသရှိ ပြည်သူများမှာ စိုက်ပျိုးရေဖူလုံစွာရရှိနေပြီ *စာမျက်နှာ ၉ ကော်လံ ၁* ◆

28-8 (01).pmd 1 8/28/2011, 2:10 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဩဂုတ် ၂၈ ရက်)

လျှပ်စစ်ဓာတ်အားများ အကျိုးရှိစွာအသုံးချနိုင်ရေး ဝိုင်းဝန်းဖော်ဆောင်

မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ထုတ်ယူသုံးစွဲနိုင်သည့် သဘာဝအရင်းအမြစ်များအခြေပြု၍ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများကို တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၌ တည်ဆောက်ပေးလျက်ရှိသည်။ ပြည်တွင်းသုံးလျှပ်စစ်ဓာတ်အားလိုအပ်ချက် လုံလောက်လာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အားများကို အပြည့်အဝသုံးစွဲပြီး စက်မှုကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အပြင် ပြည်သူများ၏ လူနေမှုအဆင့်အတန်းသည်လည်း ပိုမိုမြင့်မားလာမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးသည် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၏အရှေ့ဘက် (၁၄)မိုင်အကွာ သောက်ရေခပ်ချောင်းပေါ်တွင် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းသို့ ဩဂုတ်လ ၂၆ ရက်နေ့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းသောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းသည် လျှပ်စစ်ကဏ္ဍတွင် ပုဂ္ဂလိကသို့ B0T စနစ်ဖြင့် ဆောင်ရွက်ရန် ပထမဆုံးတာဝန်ပေးအပ်သည့် စီမံကိန်းဖြစ်သည်။ ဒုတိယသမ္မတက တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်လည်း သက်ဆိုင်ရာဒေသအတွင်း တစ်ပိုင်တစ်နိုင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများကို ဆောင်ရွက်လာနိုင်သည်ဖြစ်၍ ယခုသောက်ရေခပ်(၂) လျှပ်စစ်ဓာတ်အားစီမံကိန်းမှာ ရှေ့ပြေးပုဂ္ဂလိကစီမံကိန်းတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ဘက်စုံပေါင်းစုံ အတွေ့အကြုံများရရှိအောင် ညှိနှိုင်းစဉ်းစားဆောင်ရွက်ရန်လိုကြောင်း မှာကြားခဲ့သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတွင်းရှိ သဘာဝအရင်းအမြစ်များကို ရှာဖွေ၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခြင်း မရှိသေးသည့်ဒေသများအတွက်ပါ ထည့်သွင်းစဉ်းစားပြီး ရေအားလျှပ်စစ်စီမံကိန်းများကို ငွေကုန်ကြေးကျ များစွာအကုန်အကျခံကာ အကောင်အထည်ဖော်လျက်ရှိသည်။ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ခြင်းလုပ်ငန်းသည် လွယ်ကူသည့်လုပ်ငန်းမဟုတ်သည့်အလျောက် ရေအရင်းအမြစ်တည်ရှိရာ ရှာဖွေတိုင်းတာခြင်းမှသည် လျှပ်စစ်ဓာတ်အားကွန်ရက်မှတစ်ဆင့် ဖြန့်ဖြူးပေးနိုင်သည်အထိ နှစ်ပေါင်းများစွာ အဆင့်ဆင့် ဆောင်ရွက်ကြရသည်။

ယခုတည်ဆောက်လျက်ရှိသည့် သောက်ရေခပ်(၂)ရေအားလျှပ်စစ်စီမံကိန်းသည် သောက်ရေခပ်ချောင်းပေါ်၌ တည်ရှိပြီး ရေဆင်းဧရိယာ စတုရန်းမိုင် ၈၄၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၃၆၀၀၀၀ ရှိသည်။ စက်အင်အားသုံးလုံးဖြင့် မဂ္ဂါဝပ် ၁၂၀ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး နှစ်စဉ်ပျမ်းမျှ ထုတ်လုပ်မည့်ဓာတ်အားကီလိုဝပ် နာရီသန်းပေါင်း၆၀၄သန်းရှိမည် ဖြစ်သည်။ ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၄၈ ဒသမ ၆၇ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ရေအားလျှပ်စစ်စက်ရုံများကို တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် အခက်အခဲများစွာကျော်ဖြတ်ပြီး ဆောင်ရွက်ရသည်ဖြစ်ရာ ပြည်သူများက နိုင်ငံတော်၏စေတနာကို သိရှိ၍ အနာဂတ်တွင် လျှပ်စစ်ဓာတ်အားကို အကျိုးရှိစွာ ခံစားအသုံးချနိုင်ရေးအတွက် ဝိုင်းဝန်းကူညီ ထိန်းသိမ်းစောင့်ရှောက်သွားကြရန် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ချောင်းသာကျေးရွာအုပ်စု ဒီရေတောများအတွင်း ကဏန်းမျိုးစိုက်ထည့်

ပုသိမ် ဩဂုတ် ၂၇

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီးရှိ ဒီရေတောများအတွင်း ငါးများ၊ ကဏန်းများလွှတ်ကာ မျိုးစိုက်ထည့်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၁ ရက် မွန်းလွဲ ၂ နာရီက ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ ချောင်းသာကျေးရွာအုပ်စု ကံကြီးကျေးရွာ ဒီရေတောထိန်းသိမ်းရေးဧရိယာ ဧက ၁၀၀ နယ်မြေအတွင်း အရွယ်အစားသေးငယ်သော ရွှံ့ကဏန်းများကို မျိုးစိုက်ထည့်ခဲ့ကြသည်။

လှေငယ်များဖြင့် မျိုးစိုက်ထည့်

ထိုနေ့က အဆိုပါ ဒီရေတောထိန်းသိမ်းရေးဧရိယာအတွင်း ရွှံ့ကဏန်းကောင်ရေ ၁၅၀၀၀ ကို ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများစုပေါင်းကာ လှေငယ်များဖြင့် မျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။ (အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အင်္ဂလိပ်စကားပြောနှင့် အရေး၊ အဖတ် သင်တန်းဆင်း

နေပြည်တော် ဩဂုတ် ၂၇

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အင်္ဂလိပ်စကားပြောနှင့် အရေး၊ အဖတ်သင်တန်း အမှတ်စဉ်(၇/၂၀၁၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ်၂၆ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ ဝန်ကြီးရုံးသင်တန်းခန်းမ၌ ကျင်းပရာ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး တက်ရောက်အားပေးသည်။

အခမ်းအနားတွင် သင်တန်း၌ ပထမ၊ ဒုတိယနှင့်တတိယရရှိကြသူတို့အား ဒုတိယဝန်ကြီးက ဆုများပေးအပ်ချီးမြှင့်ပြီး လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်က သင်တန်းသားခေါင်းဆောင်ထံ သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးက သင်တန်းဆင်းအမှာစကားပြောကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သာသနာ့ နုဂ္ဂဟအသင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ဆိုင်းဘုတ်တင်

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၁-တိုးချဲ့) ရပ်ကွက် သာသနာ့နုဂ္ဂဟအသင်း၏ ဆိုင်းဘုတ်တင် မင်္ဂလာအခမ်းအနားကို ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီ ၁၅ မိနစ်က သန္တိသုခဓမ္မာရုံ၌ ကျင်းပရာ ခရိုင်သာသနာ့နုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ ခရိုင်သာသနာရေးမှူး ဦးညဏ်ဌေး၊ ရပ်ကွက်သာသနာ့နုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဦးကျင်ထွန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

ဆက်လက်၍ ရပ်ကွက်သာသနာ့နုဂ္ဂဟအသင်းဝင် အဆိုပြုလွှာများကို ရပ်ကွက်သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးကျင်ထွန်းက မြို့နယ်သာသနာ့နုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဦးအောင်ချမ်းထံ ပေးအပ်ခဲ့ကြောင်းသိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ရွှေကျင်၌ ဟောပြော

ရွှေကျင် ဩဂုတ် ၂၇

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ဩဂုတ် ၅ ရက် နံနက် ၁၀ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့နည်းပပျောက်ရေးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးဟောပြောပွဲကျင်းပရာ ရှေ့ဦးစွာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးစိုင်းစံသိန်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို ဟောပြောသည်။

ဟောပြောခဲ့

ဆက်လက်ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးရည်က လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည်များကို ဟောပြောခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ဘူမိဗေဒကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၇

၁၉၈၂ခုနှစ်(တတိယနှစ်)နှင့် ၁၉၈၃ ခုနှစ်(စတုတ္ထနှစ်) ဘူမိဗေဒကျောင်းသား ကျောင်းသူများ၏ (၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို နိုဝင်ဘာ ၆ ရက် (တနင်္ဂနွေနေ့)တွင်ကျင်းပမည်ဖြစ်ရာ ကျင်းပမည့်နေရာနှင့် အချိန်ကို ထပ်မံကြေညာမည်ဖြစ်ပြီး အလှူငွေထည့်ဝင်လိုသူများသည် ကိုညဏ်ဝင်း-မသန္တာအေး ဖုန်း-၇၂၂၀၇၂၊ ကိုအောင်မိုး-မမူမူရှိန် ဖုန်း-၂၂၅၂၀၃၊ ကိုကျော်ဦးလွင်-မခင်ဝါဇော် ဖုန်း-၃၈၆၅၉၆၊ မစန်းယုမေ ဖုန်း-၀၉-၅၀၅၇၉၄၅၊ ကိုတင်အောင်ဝင်း ဖုန်း-၂၄၀၀၅၄၊ မစန်းလှဲ့(မိတိုး)ဖုန်း-၀၉-၅၀၃၄၀၆၇၊ မအေးအေး(ပိစိ)ဖုန်း-၂၄၁၂၃၅၊ မချိုချိုအေး ဖုန်း-၀၉-၅၁၈၆၄၀၃၊ ကိုသိန်းပိုင် ဖုန်း-၀၉-၅၁၅၅၆၁၄၊ ကိုမျိုးသန့် ဖုန်း-၀၉-၅၅၀၀၄၁၃၊ ၅၃၈၃၉၈၊ ကိုဒေဝ ဖုန်း-၀၉-၅၃၂၁၉၈၉ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ရွှေဘိုလူငယ်ဖွံ့ဖြိုးရေးစခန်းသို့ ငွေကျပ်သိန်း ၅၀ လှူဒါန်း

ရွှေဘို ဩဂုတ် ၂၇

စာရေးဆရာဒေါက်တာသန်းထွန်း (ရွှေဘို)မှ ၁၉၆၃ ခုနှစ်တွင် စတင် တည်ထောင်ဖွင့်လှစ်ခဲ့သည့် စစ်ကိုင်း တိုင်းဒေသကြီး ရွှေဘိုလူငယ်ဖွံ့ဖြိုးရေး စခန်းသို့ ဩဂုတ် ၁၈ရက်က မန္တလေးမြို့ ချမ်းမြေ့ပွဲရုံ ဦးကျော်ဇေယျ-ဒေါ်မြင့်မြင့်ခိုင် မိသားစုက အလှူငွေကျပ်သိန်း ၅၀ လှူဒါန်းရာ စခန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌက လက်ခံယူသည်။ (ယာပုံ)

ထို့နောက် တစ်နေ့တာ အာဟာရများ ကျွေးမွေးလှူဒါန်းခဲ့ကြသည်။

လှူဒါန်းလျက်ရှိ

ယခုအခါ အဆိုပါ လူငယ်ဖွံ့ဖြိုးရေးစခန်းတွင် ကျောင်းသား ၄၀ ရှိပြီး အလှူရှင်များက အလှူငွေများနှင့် တစ်နေ့တာ အာဟာရများကို လှူဒါန်းလျက်ရှိကြောင်းသိရှိရသည်။ (၀၅၀)

စိတ်ချ၊ လျှင်မြန်၊ မှန်ကန်ဆိုသည့် ဆောင်ပုဒ်အတိုင်း ပြည်သူများ၏ အကျိုးကို ထိထိရောက်ရောက်ဖြည့်ဆည်း

နေပြည်တော် ဩဂုတ် ၂၇

ဘဏ်များကြီးကြပ်ရေးကော်မတီသည် ဘဏ်လုပ်ငန်းကဏ္ဍအတွက် အဓိက အရေးပါသည့် ဘဏ်အရာထမ်း/အမှုထမ်းများ၏ အရည်အသွေးကို အစဉ်အမြဲမြှင့်တင်ပေးရန် ရည်ရွယ်၍ အထွေထွေဘဏ်လုပ်ငန်း သင်တန်းများနှင့် ဘဏ်လုပ်ငန်းဒီပလိုမာသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိသည်။ ဩဂုတ် ၂၆ ရက် နံနက်ပိုင်းတွင် နေပြည်တော်ဘဏ်များဇုန် မြတ်ပန်းသဇင်လမ်းရှိ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ် အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံဘဏ်သင်တန်းကျောင်း (နေပြည်တော်)၏ အထွေထွေဘဏ်လုပ်ငန်းသင်တန်း (အရာရှိအဆင့်) အမှတ်စဉ်(၁) သင်တန်းဆင်းပွဲအခမ်းအနားကို ကျင်းပရာ ဘဏ်များကြီးကြပ်ရေးကော်မတီ နာယက ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းတက်ရောက်၍ ဘဏ်လုပ်ငန်းကဏ္ဍ၏ စိတ်ချ၊ လျှင်မြန်၊ မှန်ကန်ဆိုသည့် ဆောင်ပုဒ်အတိုင်းဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်နေသည့် ပြည်သူများ၏ အကျိုးကို ထိထိရောက်ရောက်ဖြည့်ဆည်းနိုင်ရန် လိုအပ်ကြောင်း၊ အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသော နိုင်ငံတကာ ဘဏ်လုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို မျက်ခြည်မပြတ် လေ့လာဆည်းပူးရင်း နိုင်ငံတကာနှင့် အာဆီယံနိုင်ငံများ၏ ဘဏ်လုပ်ငန်း ဆောင်ရွက်မှုများနှင့် ဟန်ချက်ညီဆောင်ရွက်သွားရေး ဦးတည်ကြိုးပမ်းကြရန်ဖြစ်ကြောင်းဖြင့် အမှာစကားပြောကြားသည်။

ချီးမြှင့်

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းတွင် ပထမဆုရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သုတေသနလက်ထောက် ဒေါ်ချိုနွယ်အောင်၊ ဒုတိယဆုရမြဝတီဘဏ်လီမိတက်မှလက်ထောက်မန်နေဂျာ ဒေါ်ကြည်စင်ဝင်းနှင့် တတိယဆုရမြဝတီဘဏ်လီမိတက်မှလက်ထောက်မန်နေဂျာ ဒေါ်တင်မျိုးသူသူဝင်းတို့အား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ပေးအပ်

ယင်းနောက် ဒုတိယဝန်ကြီး ဦးဝင်းသန်းက သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားများကိုယ်စား မြန်မာ့စီးပွားရေးဘဏ်မှ လက်ထောက်မန်နေဂျာ ဦးမြင့်သန်းထံ ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းက သင်တန်းတွင် သင်ကြားပေးခဲ့သော ဆရာ ဆရာမများနှင့် သင်တန်းအစည်းအဝေးများ၌ ဟောပြောပို့ချပေးသော ဝါရင့်ဆရာ ဆရာမကြီးများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဘဏ်များကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သည့် အထွေထွေဘဏ်လုပ်ငန်းသင်တန်း(အရာရှိအဆင့်) သင်တန်းအမှတ်စဉ်(၁)တွင် နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကဘဏ်များမှ သင်တန်းသား သင်တန်းသူ (၅၀)သည် ရက်သတ္တ (၁၀)ပတ်ကြာ ဘဏ်လုပ်ငန်းဆိုင်ရာ ပညာဗဟုသုတများ၊ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ၊ ဝါရင့်စီးပွားရေး ပညာရှင်များ၏ ဆွေးနွေးပို့ချမှုများ စသည်တို့ကိုလေ့လာသင်ယူခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ဘဏ်များကြီးကြပ်ရေးကော်မတီ နာယက ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း အထွေထွေဘဏ်လုပ်ငန်းသင်တန်း (အရာရှိအဆင့်) အမှတ်စဉ်(၁)သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ အဖွဲ့ဝင်များ အကြံဉာဏ်များပေးရန်ရှိပါက တုံ့ဆိုင်းမှုမရှိဘဲ သတင်းဖလှယ်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၇

အနာဂတ်ကာလတွင် ဖြစ်ပွားလာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်နိုင်ရန်အတွက် သဘာဝဘေးအန္တရာယ်များလျှော့ပါးရေး၊ ကြိုတင်ကာကွယ်ရေး၊ တုံ့ပြန်ရေး၊ ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးစသည့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို ထိရောက်စွာ ဆောင်ရွက်သွားနိုင်ရန် မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများက ယခုထက်ပိုမိုပေါင်းစပ်ညှိနှိုင်း ဝိုင်းဝန်းအကောင်အထည် ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ဩဂုတ် ၂၆ ရက် နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ်ကာကွယ် စောင့်ရှောက်ရေးအဖွဲ့၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အမှာစကားပြောကြားသည်။

အစည်းအဝေး၌ မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက အိန္ဒိယနိုင်ငံ ပို့ဘလဲမြို့သို့ ရောက်ရှိနေသော မြန်မာရေလုပ်သား(၁၇၂)ဦးတို့အား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူရေးကိစ္စ၊ ရှမ်းပြည်နယ် တာလေငလျင်ဘေး ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် ဆောင်ရွက်ချက်များ၊ ၂၀၁၁ ခုနှစ် ဇူလိုင်လတွင် ရခိုင်ပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးသွားသည့် မိုးစပါးများနှင့် ပျိုးခင်းများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သော ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည့်ကိစ္စ၊ အရေးပေါ် ရှာဖွေရေးနှင့်ကယ်ဆယ်ရေးအဖွဲ့များအတွက် UN-HABITAT မှ ကယ်ဆယ်ရေးဝတ်စုံ ၅၀၀ လှူဒါန်းသည့်ကိစ္စများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသူများက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ကြိုတင်သတိပေးချက်များ အချိန်မီ ထုတ်ပြန်နိုင်ရေးနှင့် ကူညီထောက်ပံ့ရေးကိစ္စရပ်များကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေး အဖွဲ့ဝင်များအားလုံးအနေဖြင့် သဘာဝဘေးဆိုင်ရာကိစ္စရပ်များအားလုံး၌ လိုအပ်သည့် အကြံဉာဏ်များ ပေးရန်ရှိပါက တုံ့ဆိုင်းခြင်းမရှိဘဲ ပေးစေလိုကြောင်း၊ အချင်းချင်း သတင်းဖလှယ်၍ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်သူလူထုအပေါ် ကျရောက်နိုင်သည့် သဘာဝဘေး၏ ဆိုးကျိုးများမှ အနည်းဆုံးဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးသုတေသနသိပ္ပံ စတင်ထူထောင်ခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယနေ့နံနက် ၉ နာရီတွင် ဒဂုံမြို့နယ် Park Royal ဟိုတယ်၌ ကျင်းပသည့် သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးသုတေသနသိပ္ပံ (EERi)စတင်ထူထောင်ခြင်း အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရွှေဦးစွာ MCC Group ၏ ဥက္ကဋ္ဌ၊ EERi တည်ထောင်သူနှင့်ဥက္ကဋ္ဌ ဦးတင်ဝင်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဂျပန်နိုင်ငံ သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနမှ ပါမောက္ခ Hikaru KOBAYASHI နှင့် ထိုင်းနိုင်ငံ Asia Institute of Technology မှ ပါမောက္ခ Dr.Weerakorn Ongsakul တို့က သဘာဝပတ်ဝန်းကျင်နှင့်စီးပွားရေးသုတေသနနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဂျပန်နိုင်ငံ Keio University မှ Dr. Lynn Thiesmeyer ကသုတေသနဓာတ်ခွဲခန်းထူထောင်ရန် ဓာတ်ခွဲခန်းသုံးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် EERi ဥက္ကဋ္ဌတို့က လက်ခံကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံရေကူးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။ ရွှေဦးစွာ မီတာ ၅၀ လေးမျိုးကူး အမျိုးသား အမျိုးသမီးဗိုလ်လုပွဲကို ကျင်းပပြီးဆုများကို ပေးအပ်ချီးမြှင့်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမတံခွန်စိုက်ဆုဖလားရရှိကြသော တောင်ဥက္ကလာပမြို့နယ် အမျိုးသမီးအသင်းနှင့် **(အပေါ်ပုံ)** မရမ်းကုန်းမြို့နယ် အမျိုးသားအသင်းတို့အား တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၈-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo
ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း
မင်္ဂလာသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ လူလိမ္မာပညာရှိ တရားတော်
(အပြည်ပြည်ဆိုင်ရာထေရဝါဒ
ဗုဒ္ဓသာသနာပြုတက္ကသိုလ်
ပါမောက္ခချုပ်
ဆရာတော် အဂ္ဂမဟာပဏ္ဍိတ
ဒေါက်တာနန္ဒမာလာဘိဝံသ)
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
နွေးထွေးသောမေတ္တာ
(အပိုင်း-၁၀၉)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
မာယာမျဉ်းပြိုင် (အပိုင်း-၅၁)
၈:၅၀ ကံဘုန်းပွင့်စေမည်…
ကျိုက်လတ်မြို့မှ ကံဘုန်းပွင့်စေတီ
၉:၁၀ 2011 The Best Wedding Show
၉:၃၀ Sunday Talk
(ဒါရိုက်တာ ကြည်စိုးထွန်း၊
မျိုးမြတ်သူ)
၁၀:၀၀ အမျိုးသားများနှင့်ပတ်သက်သော
အကြောအဆစ်ရောဂါအကြောင်း
သိကောင်းစရာ
(အပိုင်း-၂)
(ဒေါက်တာပန်ဒိုရာအောင်ကြီး၊
နေတိုး၊ ထွန်းထွန်း၊ မိုးမိုး၊
ကျော်ကျော်ဗို)
၁၀:၁၅ ရန်ကုန်မြင်ကွင်းကျယ်
(Green Elephant Restaurant
ဆိုင်သစ်ဖွင့်ပွဲအခမ်းအနား
33၊ သီရိမင်္ဂလာလမ်း၊
အာတီးယားလမ်း၊
ကမာရွတ်မြို့နယ်)
၁၀:၃၀ ဗီဒီယိုပြခန်း
၁၀:၅၅ ဈေးဝယ်လမ်းညွှန်
(မကွေး Shopping)
၁၁:၂၀ Sports Diary
၁၁:၄၅ အရည်အသွေးတို့၏ ပုံရိပ်များ
၁၂:၀၀ အောင်မြင်သူများအားဂုဏ်ပြုခြင်း
၁၂:၂၅ ငြိမ်းချမ်းမှုတို့နှင့်…
သိမ်ဇရပ် (မွေ့ဒူတ ပရိယတ္တိ
စာသင်တိုက်)
၁:၀၀ လူလိမ္မာပညာရှိ တရားတော်
(အပြည်ပြည်ဆိုင်ရာထေရဝါဒ
ဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခ
ချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ
ဒေါက်တာနန္ဒမာလာဘိဝံသ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ စကားနပန်း
(မင်္ဂလာဆောင်တာကောင်းတယ်၊
မင်္ဂလာမဆောင်တာကောင်းတယ်)
၃:၅၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ
မာယာမျဉ်းပြိုင်
(အပိုင်း -၅၁)
၄:၅၀ FMF Selection
၅:၃၀ ဂဏန်းသင်္ချာပျော်စရာ
၆:၀၀ MRTV -4 သတင်း
၆:၂၀ Global Panorama
(ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
နွေးထွေးသောမေတ္တာ
(အပိုင်း-၁၁၀)
၇:၃၅ စပါးအထူးအထွက်တိုးဖို့
သိပ္ပံနည်းကျစိုက်ကြစို့
၈:၀၀ MRTV -4 သတင်း
၈:၃၀ A Journey to Korea (Part -3)
၈:၅၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ
ချစ်တဲ့ကာလပေါ်တေးအရသာ
မောင်သိန်းဝင်း၏တေးများ
(အတွဲ ၃)
၉:၀၅ သွားမယ်စားမယ်(ရွှေလိပ်ပြာ)
၉:၂၅ Barclays Premier League
Man U Vs Arsenal
၁၁:၂၅ MRTV -4ရုပ်သံဇာတ်လမ်းတွဲ
မာယာမျဉ်းပြိုင် (အပိုင်း-၅၂)
၁၂:၂၅ World Championships in
Athletics, Daegu
၁:၂၅ အစားအစာသန့်ရှင်းလတ်ဆတ်
ဘေးကင်းရေးနှင့်၎င်း၏
ဆက်စပ်မှုများ၊ ထိခိုက်မှုများ
၁:၃၅ ရေဆန်စီးတဲ့မြစ်
၂:၁၀ မေတ္တာပန်းတို့မွေးပျံ့စေ
ပြည့်စုံအောင်၊ မိုးပြည့်ပြည့်မောင်
ဦးအောင်ကျော်၊ အကယ်ဒမီချိုပြုံး
(ဒါရိုက်တာ ဓာတ်ပုံရဲမြင့်လွင်)
၂:၂၅ ကိုယ်ပိုင်ဟန်ဖက်ရှင်
(စိမ်းလဲ့နွယ်ပင်သံယောဇဉ်)
၂:၅၀ မမေ့နိုင်ပါပြီ…
ကမ္ဘောဇအလှဌာနီ
၃:၁၀ ဒို့တိုင်းဌာနီဧရာဝတီ
(ကြီးမားဖွံ့ထွား၊ဧရာဝတီရဲ့ငါး)
၃:၃၅ ကုသိုလ်ရန်တို့ သင်းပျံ့လှိုင်…
Golden Lamps အမွှေးတိုင်
၃:၅၀ မိုးကုတ်မြို့မှ ရိုးရာအစား
အစာများနှင့် ဘားနတ်ဈေးသို့
အလည်တစ်ခေါက်
၄:၃၀ ယဉ်ကျေးသွင်ပြင်ဝတ်စားဆင်
ပိုးချိတ်အသွင်
၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူ ကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၅၅	Tottenham Hotspurs-Manchester City	ESPN
၉:၂၅	Manchester United -Arsenal	ESPN

မိုးရေချိန်စံချိန်သစ်

နေပြည်တော် ဩဂုတ် ၂၇

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ အောက်ဖော်ပြပါစခန်းများ၌ ဩဂုတ်လ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန် စံချိန်သစ်ကို တိုင်းထွာရရှိခဲ့သည်။

စဉ်	စခန်းအမည်	မိုးရေချိန် စံချိန်သစ်		စံချိန်ဟောင်း		ယခင်စံချိန်ကျိုးခဲ့သည့်နှစ်	စခန်းဖွင့်သည့်နှစ်မှစ၍လွန်ခဲ့သောနှစ်ပေါင်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		
၁။	မြင်းခြံ	၈၂	၃ ဒသမ ၂၃	၇၀	၂ ဒသမ ၇၆	၄-၈-၁၉၈၆	၂၉
၂။	ပခုက္ကူ	၁၄၃	၅ ဒသမ ၆၄	၆၄	၂ ဒသမ ၅၂	၅-၈-၁၉၉၆	၁၆

ရုရှားအမ်အိုင်-၁၇ ရဟတ်ယာဉ်ခြောက်စင်း အင်ဒိုနီးရှားအစိုးရ ဝယ်ယူ

ဂျကာတာ ဩဂုတ် ၂၇

အင်ဒိုနီးရှားတပ်မတော်က ရုရှားလုပ် အမ်အိုင်-၁၇ ရဟတ်ယာဉ် နောက်ထပ်ခြောက်စင်းကို ဩဂုတ် ၂၇ ရက်၌ ဝယ်ယူလက်ခံရရှိကြောင်း၊ နောက်ထပ်အဆိုပါ အမျိုးအစား ရဟတ်ယာဉ် ခြောက်စင်းကိုလည်း ဝယ်ယူရန်အမှာပို့ထားကြောင်း သိရသည်။ (ဓာတ်ပုံ)

အသုံးပြုလျက်ရှိ

ယခုအခါ အင်ဒိုနီးရှားနိုင်ငံ၌ ဘက်စုံသုံးရဟတ်ယာဉ် စုစုပေါင်း ၁၈ စင်းရှိသွားပြီဖြစ်ကြောင်း အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီး ပါနိုမိုက ဩဂုတ် ၂၇ ရက်၌ ပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံသည် ပြီးခဲ့သည့်နှစ်က ဝယ်ယူခဲ့သည့် အမ်အိုင်-၁၇ ရဟတ်ယာဉ် ခြောက်စင်းကိုလည်း ကာကွယ်ရေးနှင့် စစ်ဆင်ရေးလုပ်ငန်းများ၌ သုံးစွဲလျက်ရှိသည်။ အင်ဒိုနီးရှားနိုင်ငံက အမ်အိုင်-၁၇ ရဟတ်ယာဉ်များအပြင် အမ်အိုင်-၁၅ လက်နက်ကိုင်နှိမ်နင်းရေး ရဟတ်ယာဉ်ငါးစင်းကိုလည်း အသုံးပြုလျက်ရှိသည်။ အင်ဒိုနီးရှားအစိုးရအနေဖြင့် ယခုနှစ်၌ စစ်ပစ္စည်းအမေရိကန်ဒေါ်လာ ၅၆ သန်း ဖိုးဝယ်ယူရန် လျာထားသတ်မှတ်ထားသည်ဟု ဆိုသည်။ **(အင်တာနက်)**

ကမ္ဘာပေါ်၌ ဇီဝမျိုးစိတ်ပေါင်း ၈ ဒသမ ၈ သန်းခန့်ရှိ သုတေသီတို့တွက်ချက်ခန့်မှန်း

ဟိုနိုလူလူ ဩဂုတ် ၂၇

ကမ္ဘာပေါ်တွင် ဇီဝမျိုးစိတ်ပေါင်း ၈ ဒသမ ၈ သန်းခန့်ရှိကြောင်း၊ ယင်းတို့အနက် လေးပုံတစ်ပုံသာလျှင် ယခုအထိရှာဖွေဖော်ထုတ် စာရင်းပြုစုနိုင်သေးကြောင်း ဩဂုတ် ၂၇ ရက်က ထုတ်ပြန်သည့် အမေရိကန်နှင့် ကနေဒါသုတေသီများပြုစုထားသော လေ့လာတွေ့ရှိချက်အသစ်တွင် ဖော်ပြထားသည်။

ခန့်မှန်းထား

ဟာဝိုင်ယီတက္ကသိုလ်မှ ကာမီလိုမိုရာနှင့် ကနေဒါနိုင်ငံ ဒါလဟိုဇီတက္ကသိုလ်မှ ဘိုးရစ်ဝမ်းတို့က လက်ရှိမျိုးစိတ်များကို သင်္ချာနည်းဖြင့် အသုံးပြုတွက်ချက်ပြီးနောက် ဇီဝမျိုးစိတ်ပေါင်း ၈ ဒသမ ၈ သန်းနီးပါးရှိသည်ဟု ခန့်မှန်းထားခြင်းဖြစ်သည်။

ယုံကြည်ကြ

အဆိုပါ ဇီဝမျိုးစိတ်များအနက် မျိုးစိတ် ၆ ဒသမ ၅ သန်းမှာ ကုန်းမြေပေါ်တွင်ရှိပြီး ဇီဝမျိုးစိတ် ၂ ဒသမ ၂ သန်းတို့မှာ သမုဒ္ဒရာအတွင်း အသက်ရှင်နေထိုင်လျက်ရှိသည်ဟု ၎င်းတို့က ယုံကြည်ကြသည်။ **(အင်တာနက်)**

ကဏန်းမျိုးစိတ်တစ်မျိုးကို တွေ့ရစဉ်။

နိုင်ငံတကာသတင်းအတိုအထွာ ၂၇-၈-၂၀၁၁

တင်မောင်လွင် – စုစည်းသည်

ကမ္ဘောဒီးယား၌ နိုင်ငံတကာကုန်စည်ပြပွဲကျင်းပ

ကမ္ဘောဒီးယားနိုင်ငံတွင် အထည်အလိပ်၊ အဝတ်အထည်နှင့် စက်မှုလုပ်ငန်းဆိုင်ရာ နိုင်ငံတကာ ကုန်စည်ပြပွဲတစ်ရပ်ကို ဖနောင်ပင်မြို့၌ ဩဂုတ် ၂၆ရက်မှစတင်ခင်းကျင်းပြသလျက်ရှိကြောင်း ကမ္ဘောဒီးယားအရာရှိများက ပြောကြားသည်။

လေးရက်ကြာ ကျင်းပမည့် ၎င်းနိုင်ငံတကာကုန်စည်ပြပွဲသို့ တရုတ်၊ မလေးရှားနှင့် ဗီယက်နမ်နိုင်ငံများမှ ကုမ္ပဏီ ၁၅၀ခန့်တို့က ပြခန်းပေါင်း ၂၅၀ဖြင့် ခင်းကျင်းပြသလျက်ရှိသည်။ အမ်အင်န်အေ၊ဆင်ဟွာ

ပါကစ္စတန်၌ အမေရိကန်မောင်းသူမဲ့လေယာဉ်ပျက်ကျ

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း မြို့တစ်မြို့ဖြစ်သည့် ဘလူချီစတန်ပြည်နယ် ချာမန်းမြို့အနီးတွင် ဩဂုတ် ၂၆ ရက် ညပိုင်းက အမေရိကန်မောင်းသူမဲ့လေယာဉ်တစ်စင်းပျက်ကျခဲ့ကြောင်း အူရဒူရုပ်မြင်သံကြားသတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါမောင်းသူမဲ့လေယာဉ်သည် ပါကစ္စတန်နှင့် အာဖဂန်နစ္စတန် နယ်စပ်ဝေဟင်တွင် ကင်းလှည့်စစ်ဆေးစဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းလေယာဉ်ပျက်ကျမှုမှာ စက်ချွတ်ယွင်းမှုကြောင့်ဖြစ်ကြောင်း အဆိုပါသတင်းဌာနက ပြောကြားခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မက္ကဆီကို၌ မိုင်းတွင်းပြိုကျ၊ လေးဦးသေဆုံး

မက္ကဆီကိုနိုင်ငံမြောက်ပိုင်း ကိုရာဟူလာပြည်နယ်တွင် ဩဂုတ် ၂၆ ရက်က ကျောက်မီးသွေးမိုင်းတွင်းတစ်တွင်း ပြိုကျခဲ့ရာ မိုင်းလုပ်သားလေးဦး သေဆုံးခဲ့ကြောင်း မက္ကဆီကိုအရာရှိတစ်ဦးက ပြောကြားသည်။

၎င်းမိုင်းတွင်း၌ မိုင်းလုပ်သား ၁၃၂ ဦး လုပ်ငန်းခွင်ဝင်နေစဉ် ပြိုကျခဲ့ခြင်းဖြစ်ကြောင်း၊ မိုင်းတွင်းပြိုကျမှုမှာ မတော်တဆဖြစ်ရပ်ကြောင့်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ (အင်တာနက်)

အာဖဂန်၌ နေတိုးတပ်ဖွဲ့တိုက်ခိုက်၊ ကလေးငါးဦးသေဆုံး

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တော် တောင်ဘက်ကီလိုမီတာ ၆၀ခန့်အကွာရှိ လိုဂါပြည်နယ်တွင် ဩဂုတ် ၂၆ရက်က နေတိုးဦးဆောင်သော တပ်ဖွဲ့ဝင်များက တာလီဘန်လက်နက်ကိုင် အကြမ်းဖက်သမားများအား လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ကလေးငယ်ငါးဦးသေဆုံးခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – ရေးသားသည်

ခရီးသည်ပိုတင်ထားသည့်ကူးတို့ယာဉ် အင်ဒိုနီးရှား၌ နစ်မြုပ်၊ ၁၀ဦးသေဆုံး

ဂျကာတာ ဩဂုတ် ၂၇

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်းကမ်းလွန်တွင် ဩဂုတ် ၂၆ ရက် နံနက်စောစောပိုင်းက ကူးတို့ယာဉ်တစ်စင်းနစ်မြုပ်ခဲ့ရာ ၁၀ ဦး သေဆုံးပြီး ၉၃ ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့က ဩဂုတ် ၂၇ ရက်၌ ပြောကြားသည်။ **(အောက်ပုံ)**

၎င်းကူးတို့ယာဉ်မှာ ဘာဂျီဘွန်းမြို့မှ ကိုလာကာမြို့သို့ ခုတ်မောင်းလာစဉ် ဆူလာဝေစီပြည်နယ်တောင်ပိုင်းကမ်းလွန်၌ ရေလှိုင်းကြီးများ ရိုက်ခတ်ခံရမှုကြောင့် နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ ကူးတို့ယာဉ်နစ်မြုပ်ချိန်တွင် ခရီးသည်အများစု အိပ်ပျော်နေချိန်ဖြစ်သည်။

သင်္ဘောတင်စာရင်းအရ ကူးတို့ယာဉ်ပေါ်တွင် ခရီးသည်ဦးရေမှာ ၅၇ ဦး ရှိပြီး ကူးတို့ယာဉ်ဝန်ထမ်း ၂၀ ဟု ဖော်ပြထားသော်လည်း ၎င်းကူးတို့ ယာဉ်ပေါ်၌ ခရီးသည် အဆမတန် ပိုတင်ထားခဲ့ခြင်းဖြစ်ရာ ခရီးသည်ဦးရေ အတိအကျမသိရှိရသေးချေ။

အဆိုပါ ကူးတို့ယာဉ်နစ်မြုပ်ရာသို့ သင်္ဘောခြောက်စင်းနှင့်အမြန်ရေယာဉ်တစ်စင်းတို့သွားရောက်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ပျောက်ဆုံးနေသူများကို ရှာဖွေလျက်ရှိသည်။ နစ်မြုပ်ခဲ့သည့် ကူးတို့ယာဉ်အတွင်း ခရီးသည်များရှိနိုင်သေးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

ဖိလစ်ပိုင်၌ မိုးသည်းထန်ပြီး ရေလွှမ်းမှုကြောင့် အိုးမဲ့အိမ်မဲ့များ ဖြစ်ပေါ်ခဲ့

မနီလာ ဩဂုတ် ၂၇

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းတွင် နန်မာဒေါတိုင်ဖွန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် မိုးသည်းထန်ပြီး ရေလွှမ်းမှုနှင့် မြေပြိုမှုများဖြစ်ပွားရာ ပြည်သူအများအပြား ရေဘေးဒုက္ခကြုံတွေ့နေရပြီး မြေပြိုမှုကြောင့် ကလေးငယ်နှစ်ဦး သေဆုံးခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံ အမျိုးသားသဘာဝဘေးကယ်ဆယ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုကောင်စီက ဩဂုတ် ၂၇ ရက်၌ သတင်းထုတ်ပြန်သည်။

ရေလျှံမှုများဖြစ်ပွား

မှိုင်ဆက်စ်ပက်ဒီလာမြို့နှင့် အီဆာဘယ်မြို့များတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အိမ်များပျက်စီးပြီး မိသားစု ၁၀၅ စုမှ လူ ၄၄၁ ဦး အိုးမဲ့အိမ်မဲ့ဖြစ်လျက်ရှိသည်။ အိုင်ဆာဘယ်လာ၊ ကာဂါယန်နှင့် အော်ရိုရာပြည်နယ်မြောက်ပိုင်းတို့တွင်လည်း ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည်။

ထို့အတူ တောင်တန်းဒေသမြို့များဖြစ်သည့် ကွီရီနို၊ နူဗာဗစ်ကာယာ၊ နူဗာအီစီဂျာမြို့များနှင့် ဖိလစ်ပိုင်နိုင်ငံပိုင် ကာလင်ဂါ၊ အပါယာရို၊ ကာလာယန်၊ ဘာဘူယန်၊ ဘာတာနက်စ် စသည့်ကျွန်းများတွင်လည်း မိုးသည်းထန်စွာရွာသွန်းမှုများနှင့် ရေကြီးရေလျှံမှုများ ကြုံတွေ့ခံစားရလျက်ရှိသည်။

၎င်းမုန်တိုင်းသည် တစ်နာရီ ၁၂၁ မိုင်နှုန်း တိုက်ခတ်ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းသို့ တစ်နာရီ လေးမိုင်နှုန်းဖြင့် ရွေ့လျားသွားသည်။ (အင်တာနက်)

အမေရိကန်သို့ အီရီနေမုန်တိုင်း ဝင်ရောက်တိုက်ခတ်

ဝါရှင်တန် ဩဂုတ် ၂၇

*အီရီနေဟာရီကိန်းမုန်တိုင်းသည် ပေတိုနှင့် ဒိုမီနီကန်နိုင်ငံများသို့ ပြီးခဲ့သည့်ရက်များက ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် အမေရိကန်နိုင်ငံ အရှေ့ဘက် ကမ်းခြေဒေသများသို့ ဩဂုတ် ၂၇ ရက် နံနက်က ဝင်ရောက်တိုက်ခတ်ရာ နေအိမ်အချို့ ပျက်စီးပြီး **(အပေါ်ပုံ)** လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းကာ ဒေသခံနှစ်သန်းကျော် ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ရသည်။*

သစ်ပင်များလဲပြို

မုန်တိုင်းတိုက်ခတ်မှုကြောင့် နယူးယောက်မြို့ မြေအောက်ရထားများ ရပ်ဆိုင်းခဲ့ရသည်။ မြောက်ကာရိုလိုင်းနားပြည်နယ်တွင်လည်း ဒေသခံများ ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ပြီး အိမ်နှင့်အဆောက်အအုံအမိုးများပျက်စီးကာ သစ်ပင်များ လဲပြိုကျခဲ့သည်။

တစ်နာရီ မိုင် ၉၀ နှုန်းခန့်တိုက်ခတ်သော မုန်တိုင်းဒဏ်ကြောင့် အရေးပေါ်သတိပေးချက်များ ထုတ်ပြန်ထားပြီး နယူးဂျာစီပြည်နယ်မှ ပြည်သူ ၂၀၀၀၀၀ နှင့် ဒီလာဝါရီပြည်နယ်မှ ပြည်သူ ၁၀၀၀၀၀ ခန့်အပါအဝင် ပြည်သူ ၂ ဒသမ ၃သန်းခန့်အား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

ရပ်ဆိုင်းထား

မုန်တိုင်းဒဏ်ကြောင့် ဩဂုတ် ၂၉ ရက်အထိ အမေရိကန်နိုင်ငံတစ်ဝန်း လေယာဉ်ခရီးစဉ်ပေါင်း ၆၁၀၀ ခန့် ဖျက်သိမ်းထားရသဖြင့် လေဆိပ်များ၌ ခရီးသည်ထောင်ပေါင်းများစွာ သောင်တင်လျက်ရှိသည်။ ဝါရှင်တန်မှ ဘော်စတွန်မြို့အထိ မိုးများသည်းထန်စွာ ရွာသွန်းပြီး လေပြင်းများ တိုက်ခတ်လျက်ရှိရာ အမေရိကန်နိုင်ငံအရှေ့ဘက် ကမ်းရိုးတန်းဒေသများရှိ မြို့ပေါင်း ၂၀ ကျော်သို့ လေကြောင်းခရီးစဉ်များ ရပ်ဆိုင်းထားသည်။

နယူးယောက်မြို့တွင် ပြည်သူ ၃၀၀၀၀၀ ခန့် ရေလွှမ်းမှုနှင့် ကြုံတွေ့ရနိုင်သဖြင့် ဘေးကင်းရာသို့ ရွှေ့ပြောင်းနေထိုင်ကြရန် သတိပေးထားသည်။ မုန်တိုင်းကြောင့် ကနေဒီလေဆိပ်၊ နေဝပ်လေဘာတီလေဆိပ်၊ လာဂတ်ဒီရာလေဆိပ်၊ စတီးဝပ်လေဆိပ်နှင့် တီတာဘိုရိုလေဆိပ်များပိတ်ထားရကြောင်း သိရသည်။ ***(အင်တာနက်)***

ဆေးပညာသတင်းဆန်းများ (၁၉)

ဒေါက်တာကံညွန့်

ဒီအပတ် ဆေးပညာသတင်းဆန်းများ တင်ပြရာမှာ အခကြေးငွေလည်း တစ်ပြားမှမကုန်၊ ဘာအရင်းအနှီးမှ စိုက်ထုတ်စရာလည်းမလို၊ အသင်းဝင်ကြေး၊ လေ့ကျင့်ခန်း၊ ခန်းမဝင်ကြေးပေးစရာမလို၊ အားကစားကိရိယာလည်း ဘာတစ်ခုမှ ဝယ်စရာမလိုဘဲ လူတိုင်းပြုလုပ်နိုင်တဲ့ ကျန်းမာရေးလေ့ကျင့်ခန်းအကြောင်း အမျိုးမျိုးသုတေသန ပြုလုပ်ထားချက်တွေကို တင်ပြလိုပါတယ်။ ဒါကတော့ လမ်းလျှောက်ခြင်းပါပဲ။

ကျန်းမာရေးလိုက်စားသူ၊ အချိန်ပေးနိုင်သူတွေအတွက် နေ့စဉ် ခြေလှမ်းပေါင်း ၁၀၀၀၀ လျှောက်ခြင်းဟာ အကောင်းဆုံးစံနှုန်းပါပဲ။ ဒါပေမယ့် သာမန်လူတွေအတွက်တော့ တစ်နေ့မှာ ခြေလှမ်းပေါင်း ၃၀၀၀ တစ်ပတ်မှာ ငါးရက် လျှောက်နိုင်ရင် လုံလောက်ပြီလို့ ဆိုပါတယ်။

ဒါကတော့ ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့က ဆေးပညာရှင်တစ်စုရဲ့ လေ့လာချက်ပါ။ ယင်းလို လူတွေမှာ အမှတ်(၂) ဆီးချိုအမျိုးအစားဟာလည်း အဖြစ်နည်းသွားပြီး သာမန်လူတွေထက် သုံးချိုးတစ်ချိုး နည်းသွားနိုင်တယ်လို့ဆိုပါတယ်။

နောက်လေ့လာချက်တစ်ခုမှာတော့ အသက် (၅၉) နှစ်မှ အသက် (၇၀) အတွင်း လူများကို လေ့လာထားတဲ့ စာတမ်းတစ်စောင်မှာ ယင်းအရွယ်လူအများအနက် တချို့ကို ဗီတာမင် D နှင့် ကယ်လ်စီယမ်ဓာတ်ပါတဲ့ ပုံမှန်အစားအသောက်ကိုကျွေးပြီး လမ်းလျှောက်ခြင်း၊ အဓိကပါဝင်တဲ့ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းကို လုပ်စေပြီး ကျန်လူတချို့ကိုတော့ ကိုယ်လက်လေ့ကျင့်ခန်းမလုပ်ဘဲ ဗီတာမင် D နှင့် ကယ်လ်စီယမ်ဆေးပြားများကိုသာကျွေးပြီး ၎င်းတို့အရိုးခိုင်မာမှုကို စစ်ဆေးစေခဲ့ပါတယ်။

အဲဒီလို စမ်းသပ်လိုက်တဲ့အခါ သာမန်အစားအစာနှင့် ပြုလုပ်တဲ့ လူတွေရဲ့အရိုးဟာ ကိုယ်လက်လှုပ်ရှားမှုမရှိဘဲ ဆေးပဲစားနေတဲ့လူတွေထက် ပိုမိုခိုင်မာနေတာကို တွေ့ရတယ်လို့ဆိုပါတယ်။ ဒါကြောင့် သက်ကြီးရွယ်အိုတွေရဲ့ အရိုးခိုင်မာမှုမှာ လမ်းလျှောက်ခြင်းအပါအဝင် ကိုယ်လက်လှုပ်ရှားမှုဟာ အဓိကကျကြောင်း တင်ပြလိုက်ရပါတယ်။

လမ်းလျှောက်ခြင်းဟာ လူတစ်ဦးရဲ့ ကျန်းမာရေးအပေါ် အကျိုးသက်ရောက်စေတာကတော့ -

(၁) တစ်ကိုယ်လုံးအတွက် သွေးလည်ပတ်မှုကောင်းပြီး အထူးသဖြင့် နှလုံး၊ အဆုတ်တို့ရဲ့ သွေးလည်ပတ်မှုကောင်းမွန်ခြင်း

(၂) လေဖြတ်ခြင်း၊နှလုံးရောဂါ ရုတ်တရက်ဖြစ်ခြင်းတို့မှ ကာကွယ်နိုင်ခြင်း

(၃) အဝလွန်ရောဂါမှ အတော်အသင့် ကာကွယ်နိုင်ပြီး သွေးပေါင်ချိန်မြင့်တက်မှုကိုလည်း အတော်အသင့် ကာကွယ်နိုင်ခြင်း

(၄) သွေးထဲရှိ အဆီဓာတ် (Cholestrol) ကျစေခြင်း

(၅) တစ်ကိုယ်လုံး၏ ကြွက်သားသန်မာမှုကို ဖြစ်စေခြင်း

(၆) စိတ်နှလုံးတင်းမာမှုကို လျှော့စေခြင်း (Stress)

(၇) အရိုးပွမှု၊ အရိုးအဆစ်ကိုက်ခဲမှုများကို ကာကွယ်နိုင်ခြင်း

(၈) အမှတ်(၂) ဆီးချိုရောဂါဖြစ်ခြင်းကို အတော်အသင့် ကာကွယ်နိုင်ပြီး ကုသမှုကို အထောက်အကူပြုခြင်းတို့ဖြစ်ပါတယ်။ ဒါကြောင့် ဘာမှအကုန်အကျမရှိဘဲ အကျိုးသက်ရောက်မှုများတဲ့ လမ်းလျှောက်ခြင်း လေ့ကျင့်ခန်းကို လူတိုင်းပြုလုပ်ကြဖို့ ထပ်မံတိုက်တွန်းလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်က အရေးမကြီးဘူးလို့ထင်ရပေမယ့် အရေးကြီးတဲ့သတင်းပါ။ လူတွေမှာ အလုပ်မရှိခြင်းဟာ လူ့အသက်ကို တိုစေတယ်ဆိုတဲ့ လေ့လာချက်ပါ။ နှစ်ပေါင်း (၄၀)ကြာ နိုင်ငံ ၁၅ နိုင်ငံက စာရင်းဇယားတွေကို အခြေပြုပြီး ပေါ်ထွက်လာတဲ့ စာတမ်းပါ။ လူတွေအားလုံးမှာ အချိန်စောပြီး သေရတဲ့ လူအားလုံးရဲ့ ၆၃ ရာခိုင်နှုန်းဟာ အလုပ်မရှိလို့ဖြစ်ရပြီး ယောကျ်ား၊ မိန်းမ ခွဲလိုက်တဲ့အခါမှာတော့ အမျိုးသားမှာ ၇၈ ရာခိုင်နှုန်းရှိပြီး အမျိုးသမီးတွေမှာတော့ ၃၇ ရာခိုင်နှုန်းပဲရှိတယ်လို့ ဆိုပါတယ်။ ယောကျ်ားတွေဟာ မိန်းမတွေထက် အလုပ်မရှိတဲ့ဒဏ်ကို ပိုခံစားရတယ်လို့ ဆိုပါတယ်။ ဒီစာတမ်းကို ကနေဒါနိုင်ငံ Montreal မြို့က ဆေးသိပ္ပံပညာရှင်တွေက ပြုစုခဲ့တာဖြစ်ပြီး အမေရိကန်နိုင်ငံထုတ် Journal of Social Science and Medicine မှာ ဖော်ပြခဲ့တာ ဖြစ်ပါတယ်။

ဆေးပညာနဲ့ ပတ်သက်တဲ့ နောက်တွေ့ရှိချက်တစ်ခုကလည်း အံ့ဩစရာပါ။ ဦးနှောက်မှာ ဖြစ်တတ်တဲ့ ကင်ဆာရောဂါတွေကို ကုသတဲ့ တချို့ကုသမှုတွေဟာ ထင်သလောက် မထိရောက်ဖြစ်နေတာကို တွေ့ခဲ့ရတယ်။ အဲဒါရဲ့အဖြေကို ယခင်က မသိခဲ့ရပေမယ့် ယခုတွေ့ရှိရပြီလို့ ကြေညာလိုက်ပါတယ်။

ဦးနှောက်မှာ အဖြစ်များတဲ့ ကင်ဆာတစ်မျိုးဖြစ်တဲ့ Glioblastoma ဆိုတဲ့ ကင်ဆာရောဂါကို ကုသရာမှာ ယင်းကင်ဆာ Cell တွေကိုယ်တိုင် သွေးကြောအသစ်တွေကို ဖန်တီးနိုင်စွမ်းရှိနေတာကြောင့် ပြင်ပကလာတဲ့ သွေးကြောတွေကို ပိတ်ဆို့ကုသတဲ့ ကင်ဆာဆေးတွေရဲ့ အာနိသင်ဟာ ယင်းကင်ဆာကိုကုသရာမှာ မထိရောက်ဘဲဖြစ်နေတယ်ဆိုတာ တွေ့ရပြီလို့ ဆိုပါတယ်။ ဒါကြောင့် သူတို့ရဲ့ ကုသမှု Target ကို ဒီကင်ဆာ Cell တွေရဲ့ သွေးကြောတွေဆီ ပြောင်းလဲကုသရတော့မယ်လို့ ဒီလေ့လာချက်မှာ ဦးဆောင်ပါဝင်ခဲ့တဲ့ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် La Jolla မြို့က Salk Institute of Biology ဌာနမှ ပါမောက္ခ Dr. Inder Verma က ပြောကြားခဲ့တယ်လို့ သိရကြောင်းပါခင်ဗျား။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ Mini Stroke သို့မဟုတ် Transient Isclaemic Attack (TIA) လို့ အတိုကောက်ခေါ်တဲ့ ခေတ္တခဏလေဖြန်းခြင်းဟာ ထာဝရလေဖြန်းခြင်း (Stroke)ကို ဖြစ်စေမယ့် ရှေ့ပြေးနိမိတ်ပဲဆိုတာ လေ့လာထားချက်ကိုလည်း တင်ပြလိုပါတယ်။ TIA မှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ လက္ခဏာများကတော့ ရုတ်တရက် မျက်စိအမှောင်ကျသွားခြင်း၊ ကိုယ်တစ်ခြမ်းထုံကျဉ်အားပျော့သွားခြင်း၊ စကားပြောရခက်သွားခြင်းစတဲ့ လက္ခဏာတွေပါဝင်ပြီး ဒါဟာ မိနစ်ပိုင်းအတွင်း သို့မဟုတ် ၂၄ နာရီအတွင်း သူ့အလိုလို ပျောက်ကင်းသွားတတ်ပါတယ်။

ဒါပေမယ့် ဒီလက္ခဏာတွေပြလာပြီး ရက် ၃၀ မှ ၆၀ အတွင်း လေဖြတ်ခြင်း Stroke ကြီးတစ်ခု ဖြစ်လာနိုင်တာကြောင့် ဒီလက္ခဏာမျိုးပေါ်လာတာနဲ့တစ်ပြိုင်နက် ဦးနှောက်နှင့် အာရုံကြောသမားတော်ကြီးဆီမှာ ပြသကြဖို့ နှိုးဆော်ထားပါတယ်။ ဒါကို ကနေဒါနိုင်ငံ Van Couver မြို့က ဆေးပညာရှင်တွေနဲ့ ဗြိတိန်နိုင်ငံ Columbia Brain Research Centre က ဆေးပညာရှင်တွေ ပူးပေါင်းတင်ပြခဲ့ကြတာဖြစ်ပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ သွေးထဲမှာရှိတဲ့ Cholestrol Level နိမ့်ကျမှုဟာ ကိုယ်ခန္ဓာရဲ့ ခုခံစွမ်းအား (Inmune System)က Virus သို့မဟုတ် Bacteria တွေကို ခုခံတဲ့နေရာမှာ ပိုမိုထိရောက်နိုင်ကြောင်း လေ့လာထားချက်ဖြစ်ပါတယ်။ ဒီတွေ့ရှိချက်ကို အင်္ဂလန်နိုင်ငံ အီဒင်ဘာရာဆေးတက္ကသိုလ်မှ ပါမောက္ခပီတာဂါဇယ်နှင့်အဖွဲ့က တွေ့ရှိခဲ့တာဖြစ်ပါတယ်။

Virus နှင့် Bacteria တွေဟာ သူတို့ကြီးထွားမှုအတွက် Cholestrol ဓာတ်လိုအပ်ပြီး သွေးထဲမှာ ၎င်းဓာတ်နိမ့်ကျသွားတာနဲ့ ၎င်းတို့ရဲ့ ကြီးထွားမှုရပ်တန့်သွားနိုင်ကြောင်း တွေ့ရှိရပါတယ်လို့ ဆိုပါတယ်။

ဒါကြောင့် ၎င်းရောဂါပိုးတို့ကြောင့် ဖြစ်ပေါ်တတ်တဲ့ ရောဂါများမှာ Antiviral နှင့် Antibiotic ဆေးတို့အပြင် Cholestrol မြင့်နိုင်တဲ့လူနာတွေကို Cholestrol ကျသွားစေတဲ့ ဆေးနှင့်ပါ ပူးတွဲကုသပါက ပိုမိုထိရောက်နိုင်ကြောင်း တင်ပြထားကြပါတယ်။

ကမ္ဘာတစ်လွှား တစ်နှစ်ကို ကလေးပေါင်း ၄၈ သန်း မွေးဖွားနေရာမှာ ကလေးသုံးယောက်မှ တစ်ယောက်ဟာ ကျွမ်းကျင်သူ ကျန်းမာရေးဝန်ထမ်းတွေနှင့် မွေးဖွားခွင့်မရကြဘူး။ ဒါကြောင့် မိခင် ၁၀၀၀ လောက်နဲ့ မွေးစကလေး ၂၀၀၀ ခန့်ဟာလည်း နေ့စဉ်အသက်ဆုံးရှုံးနေရတယ်လို့ ဆိုပါတယ်။ တစ်ကမ္ဘာလုံးအနေနဲ့ အနည်းဆုံးသားဖွားဆရာမပေါင်း သုံးသိန်းငါးသောင်းခန့် ထပ်မံခန့်ထားဖို့လိုတယ်။ ဒါမှ ဒီပြဿနာကို ဖြေရှင်းနိုင်မယ်လို့ လန်ဒန်အခြေစိုက် အစိုးရမဟုတ်တဲ့ အဖွဲ့အစည်း Save the Children အဖွဲ့က ထောက်ပြထားပါတယ်။ ၎င်းအဖွဲ့ဟာ မြန်မာနိုင်ငံမှာရော နိုင်ငံတကာမှာပါ ကျန်းမာရေးစောင့်ရှောက်မှုတွေကို အခမဲ့ဆောင်ရွက်ပေးနေတဲ့ အဖွဲ့တစ်ခုပါ။

သူတို့အတွေ့အကြုံအရ အများအားဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ကျန်းမာရေးပညာချို့တဲ့မှု၊ ကျန်းမာရေးဝန်ထမ်းမလုံလောက်မှု၊ အောက်ဆီဂျင်ဓာတ်ငွေ့မရနိုင်မှု၊ ငှက်ဖျားရောဂါ ဒါတွေကြောင့် ကလေးတွေ သေဆုံးနေရတယ်လို့ ထောက်ပြထားကြောင်း တင်ပြလိုက်ရပါတယ်။

ဒီလို ကမ္ဘာတစ်လွှား ကလေးမွေးဖွားနှုန်းတွေမြင့်တက်ပြီး ကလေးတွေ မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးနေရတဲ့အချိန်မှာ စင်ကာပူနိုင်ငံမှာတော့ ကလေးမွေးဖွားနှုန်းကျဆင်းနေတာကြောင့် အတော်လေးစိတ်ပျက်နေရကြောင်း Institute of Policy Study ဌာနက ဖော်ပြလိုက်ပါတယ်။ ၎င်းတို့ဟာ မိမိနိုင်ငံမှာ မွေးဖွားသူတွေကို မိမိနိုင်ငံမှာ အလုပ်ခန့်ထားနိုင်ရေးအတွက် နှစ် ၃၀ ကြာ ကြိုးစားခဲ့ကြပေမယ့် မအောင်မြင်ခဲ့ဘူးလို့ ဆိုပါတယ်။ ယခုလည်း အမျိုးသမီးတစ်ဦးရဲ့ တစ်နှစ်မွေးဖွားနှုန်းဟာ ၂၀၀၉ ခုနှစ်က ၁ ဒသမ ၂၂ ဦး ရှိခဲ့သော်လည်း ၂၀၁၀ ခုနှစ်မှာတော့ ၁ ဒသမ ၁၆ ဦးထိ ကျဆင်းသွားတယ်လို့ ဆိုပါတယ်။ အမှန်တကယ် လိုအပ်ချက်ကတော့ အနည်းဆုံး ၂ ဒသမ ၁ ဦး ရှိသင့်ကြောင်းတင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများတင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

(၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၅)ရပ်

(၁) တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

(၂) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(၃) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(၄) အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ထိန်းသိမ်းဖော်ထုတ်ပြီး တီထွင်မြှင့်တင်လျက် နိုင်ငံတကာအဆင့်မီ ဆန်းသစ်ပေါင်းစပ်ပေးနိုင်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

(၅) အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် အနုသုခုမဂီတပညာဖြင့် တစ်တပ်တစ်အား ပါဝင်လက်တွဲဆောင်ရွက်ရေး။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် လှည်းကူးမြို့နယ်ရှိ ရိတ်သိမ်းချိန်လွန်နည်းပညာအသုံးချဌာန၌ ဆိုင်လိုသိုလှောင်ရုံ နှစ်လုံးကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် ကုန်သွယ်မှုလုပ်ငန်း ချောမွေ့စေရေး

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ဆွေးနွေးမှာကြား

နေပြည်တော် ဩဂုတ် ၂၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရဲမွန်ကျေးရွာအနီးရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး၏ 'မြစိမ်းရောင်' ဘက်စုံစိုက်ပျိုး မွေးမြူရေးစခန်းသို့ရောက်ရှိပြီး ဘက်စုံစိုက်ပျိုး မွေးမြူရေးစခန်းအတွင်း နှစ်ရှည်ပင်များ၊ မိုးစပါးနှင့် ငါးမွေးမြူရေးကန်တို့ကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာရှိ ရိတ်သိမ်းချိန်လွန် နည်းပညာအသုံးချဌာနသို့ ရောက်ရှိပြီး သီးနှံများ ရေရှည်သိုလှောင်အသုံးပြုနိုင်သည့် ဆိုင်လိုသိုလှောင်ရုံ နှစ်လုံးနှင့် သီးနှံများ ကြိတ်ခွဲထုတ်လုပ်နိုင်သည့် စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး စက်ပစ္စည်းများ ရေရှည်အသုံးပြုနိုင်ရေးနှင့် ကြံ့ခိုင်ရေး အလေးထားဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန၊ မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး၊ မြန်မာနိုင်ငံသားများဘဏ်၊ မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းတို့မှ တာဝန်ရှိသူများအား တွေ့ဆုံ၍ ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

*** ကျောဖုံးမှ**

ဆောင်ရွက်ရန် လုပ်ငန်းစာချုပ်များကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးသိန်းဦးနှင့် ပြည်တွင်းကုမ္ပဏီများမှ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တာဝန်ရှိသူများက လက်မှတ်ရေးထိုးကြသည်။

ယင်း GSM မိုဘိုင်းတိုးချဲ့တပ်ဆင်ရေး စီမံကိန်းကို တစ်နိုင်ငံလုံးရှိ ပြည်သူများ မိုဘိုင်းတယ်လီဖုန်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်သွယ်ပြောဆိုနိုင်ရေးအတွက် အဓိကရည်ရွယ်၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကကုမ္ပဏီများပူးပေါင်း၍ အကျိုးတူဆောင်ရွက်ခြင်းဖြစ်သည်။ နိုင်ငံတော်က ချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းဘောင်အတွင်းမှ အစိုးရနှင့်ပုဂ္ဂလိကတို့ အတူလက်တွဲ၍ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြမည်ဖြစ်၍ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးကဏ္ဍများ တိုးတက်ရေးအတွက် လွန်စွာအထောက်အကူဖြစ်စေမည် ဖြစ်သည်။ တယ်လီဖုန်းဆက်သွယ်ရေး ဝန်ဆောင်မှုကို အဆင်ပြေချောမွေ့စွာ ရရှိသုံးစွဲနိုင်ခြင်းဖြင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝပုံစံများ အဆင့်ဆင့်မြင့်မားတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံတော်၏ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် အခြားကဏ္ဍစုံ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးကိုလည်း အထောက်အကူပြုသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ပြည်တွင်း လူမှု၊စီးပွားသတင်းပဒေသာ ပြည်တွင်း လူမှု၊စီးပွားသတင်းပဒေသာ ပြည်တွင်း လူမှု၊စီးပွားသတင်းပဒေသာ

ဥရောပ ရုပ်ရှင်ပွဲတော် ရန်ကုန်မြို့ နေပြည်တော်ရုံ၌ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၇

နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနဲ့ အနုပညာပေါင်းစည်းဖလှယ်ရေးအနေနဲ့ ရန်ကုန်မြို့မှာ ဥရောပရုပ်ရှင်ပွဲတော်တစ်ရပ်ကို လာမယ့် အောက်တိုဘာလ တတိယသီတင်းပတ်မှာ စတင်ကျင်းပတော့မှာဖြစ်ပါတယ်။

ကျင်းပမည်

အောက်တိုဘာ ၂၂ရက်မှ ၂၉ ရက်အထိ ကျင်းပမယ့် အဲဒီဥရောပရုပ်ရှင်ပွဲတော်ကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းပေါ်မှာရှိတဲ့ နေပြည်တော်ရုပ်ရှင်ရုံမှာ ရုစ်ရက်တိုင်တိုင် ကျင်းပမှာဖြစ်တယ်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံမှာ ကျင်းပမယ့် အခု ဥရောပရုပ်ရှင်ပွဲတော်မှာ ဂျာမနီ၊ အီတလီ၊ ပြင်သစ်နှင့် ဗြိတိန်နိုင်ငံတွေက နာမည်ကျော် ရုပ်ရှင်ကားတွေကို နေ့စဉ်ပြသသွားမယ်လို့ ဆိုပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၀ခုနှစ်ကလည်း ရန်ကုန်မြို့မှာ ဥရောပရုပ်ရှင်ပွဲတော် ကျင်းပခဲ့သလို ၂၀၀၉ခုနှစ်ကလည်း ရန်ကုန်မြို့မှာ ဥရောပရုပ်ရှင်ပွဲတော်ကို ကျင်းပခဲ့ပါတယ်။

၂၀၀၉ ခုနှစ်က ပြုလုပ်ခဲ့တဲ့ ဥရောပရုပ်ရှင်ပွဲတော်မှာတော့ ဂျာမနီနိုင်ငံက ရုပ်ရှင်ကားတွေဖြစ်တဲ့ One day in Europe, Emma's Bliss, Zo Zo, One Hundred စတဲ့ဇာတ်ကားတွေပြသခဲ့သလို ပြင်သစ်နိုင်ငံက Jean De La Fontaine နဲ့ Love is in the air ဇာတ်ကားတွေလည်း ပြသခဲ့ပါတယ်။

တစ်နေ့နှစ်ကားနှုန်း

ဒါ့အပြင် အီတလီနိုင်ငံက The Early Bird Catches The Worm ဇာတ်ကားပြသခဲ့ပြီး ဗြိတိန်နိုင်ငံက Becomming Jane ဇာတ်ကား ပြသခဲ့ပါတယ်။ ဒီနှစ်မှာ ကျင်းပမယ့် ဥရောပ ရုပ်ရှင်ပွဲတော်မှာလည်း နာမည်ကြီးဇာတ်ကားတွေ တစ်နေ့နှစ်ကားနှုန်းခန့် ပြသသွားမယ်လို့ သိရပါတယ်။ **(မြန်မာ့အလင်း)**

မောင်ချစ်ကြည်ရေးသားသည်
ဓာတ်ပုံ-အေးနိုင်(စနုအောင်)

ရန်ကုန် ကုန်စည်ပြပွဲ ၂၀၁၁ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၇

သတင်းမှတ်စု-သတင်းထောက် ခင်မောင်သော်(ကမာရွတ်)
ဓာတ်ပုံ-ညီမိုလ်မိုလ်ချော(ကမာရွတ်)

တိုင်းပြည်၏စီးပွားရေးဖွံ့ဖြိုးမှုတွင် ကုန်ထုတ်၊ တင်ပို့၊ ဖြန့်ချိမှုသည် ကြီးမားသည့်ကဏ္ဍမှ ပါဝင်လျက်ရှိသည်။ လွတ်လပ်စွာ ကုန်သွယ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက စီမံပေးထားပြီးဖြစ်သလို ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်သို့လည်း လွတ်လပ်စွာဝင်ရောက်နိုင်စေရေးနှင့် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာစေရေး အထောက်အကူပြုသည့်အနေဖြင့် ရန်ကုန် ကုန်စည်ပြပွဲ ၂၀၁၁ကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် စက်တင်ဘာ ၁ ရက် မှ ၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသမည်ဖြစ်သည်။

ပြပွဲကို ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ တစ်နေရာတည်းတွင် အများပြည်သူအား တွေ့မြင်နိုင်စေရန်၊ ထုတ်ကုန်ပစ္စည်းအရည်အသွေး လျင်မြန်စွာ သိရှိ၍ ပိုမိုတိုးတက် ထုတ်လုပ်နိုင်စေရန်နှင့် ပြည်သူများအနေဖြင့် ခေတ်နှင့်အညီ ဆန်းသစ်သော နည်းပညာများကို တွေ့မြင်နိုင်စေရန် ရည်ရွယ်လျက် ပြသခြင်းဖြစ်ပြီး ပြပွဲတွင် ကျန်းမာရေးနှင့် ညီညွတ်ပြီး ရာသီဥတု ဒဏ်ခံနိုင်သော ခေတ်မီလှပသည့် Shera Wood များ၊ ရေချိုးခန်းနှင့် သန့်စင်ခန်းသုံး Sanitarywares များ၊ Super Q Paint များ၊ Living Square

ပြပွဲတွင် ပြသထားမည့် သစ်အစားထိုးအလှဆင် ပစ္စည်းများ။

Furniture Decorative Board များ၊ မီးဖိုချောင်သုံး အဆင့်မြင့်ပစ္စည်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ အီလက်ထရွန်နစ်နှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ အိမ်တွင်းအလှဆင်ပစ္စည်းအမျိုးမျိုး၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင် ပစ္စည်းအမျိုးမျိုး၊ သန့်ရှင်းရေးနှင့် မီးဖိုချောင်သုံးအထွေထွေပစ္စည်းအမျိုးမျိုး၊ မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ အသေးစားစက်ပစ္စည်းနှင့် တပ်ဆင်ပစ္စည်းအမျိုးမျိုး၊ ကြမ်းခင်းအမျိုးမျိုး၊ ခေတ်မီပရိဘောဂပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်ပစ္စည်းအမျိုးမျိုး၊ ဆေးဝါးပစ္စည်းအမျိုးမျိုး၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုးနှင့် စာအုပ်စာပေအမျိုးမျိုးကို စုံလင်စွာပြသမည်ဖြစ်သည်။ အဆိုပါပြပွဲကို နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ပြသထားမည် ဖြစ်ကြောင်း သိရှိရသည်။ ***(မြန်မာ့အလင်း)***

ကြောင်မလေး မိညိုက မိခင်စိတ်အပြည့်ဖြင့် ကြွက်ကလေးများကို နို့တိုက်ကျွေး

သီပေါ ဩဂုတ် ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မန်ဟဲကျေးရွာအုပ်စု ထွန်ကာကျေးရွာနေ လယ်သမားကြီး ဦးစိုင်းဘအောင်၏ အိမ်တွင် မွေးမြူထားသော ကြောင်မလေးမိညိုသည် ဩဂုတ် ၂၂ ရက် မွန်းလွဲ ၁ နာရီက အိမ်ထုပ်တန်းပေါ်မှ ကျလာသော ကြွက်ငယ်လေးများကို ကိုက်ဖြတ်စားသုံးခြင်းမပြုဘဲ မိခင်စိတ်ဓာတ်အပြည့်အဝထားကာ ကြင်နာစွာဖြင့် နို့တိုက်ကျွေးလျက် ရှိသည်။ (ဝဲပုံ) ကြွက်သည် ကြောင်၏ အစာဖြစ်သော်ငြားလည်း ယခုကဲ့သို့ စားသုံးခြင်း မရှိဘဲ မိခင်စိတ်အပြည့်ဖြင့် နို့တိုက်ကျွေးနေသဖြင့် ထူးခြားအံ့ဩဖွယ် မြင်ကွင်းအဖြစ် ထိုနေ့က လူအများလာရောက်ကြည့်ရှုခဲ့ကြကြောင်း ကြားသိရသည်။ *(၀၇၂)*

ကွမ်း၊ ကွမ်းသီးဈေးပုံမှန်ရှိသော်လည်း အရောင်းအဝယ်အေးနေဆဲ

ရန်ကုန် ဩဂုတ် ၂၇

သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ-မြင့်အောင်(အလုံ)

ရန်ကုန်မြို့တွင် လွန်ခဲ့သော ၁၀ နှစ်ခန့်က ကျန်းမာရေးရှုထောင့်မှလည်းကောင်း၊ စည်းကမ်းမဲ့ကွမ်းတံတွေး ထွေးသူများ ပပျောက်ပြီး မြို့သန့်ရှင်းမှုရှိရေးအတွက် လည်းကောင်း လမ်းဘေးကွမ်းယာရောင်းသူများ ပပျောက်ရေးကို တာဝန်ရှိသူတို့က ဆောင်ရွက်ခဲ့ဖူးသည်။

ယနေ့ ရန်ကုန်မြို့ဝန်းကျင် ကားဂိတ်အတော်များများတွင် ကွမ်းယာဆိုင်များကို တွေ့လာရသည်။ တချို့လိုင်းကားများသော ကားဂိတ်များဆိုလျှင် ကွမ်းယာ ဆိုင်ပေါင်း လေး-ငါး-ခြောက်ဆိုင်မက အပြိုင်အဆိုင်ရောင်းနေကြသည်။ ကွမ်းယာဆိုင်လေးတစ်ဆိုင် ရောင်းအားကောင်းလျှင် လေးငါးခြောက်ယောက်ရှိ မိသားစုတစ်စု၏ စားဝတ်နေရေးကို ဖူလုံစေကြောင်း ကွမ်းယာရောင်းသူတစ်ဦးက ဆိုသည်။ ကားသမားတိုင်းကွမ်းမစားသူ မရှိသလောက်ဖြစ်သည်။ ကွမ်းယာသည် ကားသမားများအတွက် အိပ်ချင်ပြေ ဆေးတစ်ခွက်ဖြစ်သည်ဟု ယာဉ်မောင်းတစ်ဦးက ပြောခဲ့ဖူးသည်။ ပြောရလျှင် ယခုအခါ နေရာအနှံ့တွင် ကွမ်းစားသူများပြားလာခြင်းဖြစ်သည်။

ကွမ်းကို နှစ်သက်စွာ စားသုံးသူများပြားလာသည်နှင့်အမျှ ကွမ်းရောင်းဝယ်သူများလည်း များပြားလာခဲ့သည်။ ရန်ကုန်မြို့ သီရိမင်္ဂလာဈေးကြီး အတွင်း၌ပင် ကွမ်းပွဲစားဒိုင်ပေါင်း ရာချီရှိနေပြီး နေ့ဒိုင်၊ ညဒိုင်အဖြစ် ၂၄ နာရီမပြတ် ရောင်းချလျက်ရှိသည်ကို တွေ့ရသည်။

ပြီးခဲ့သော တစ်ပတ်ကျော်က ဧရာဝတီတိုင်းဒေသကြီးရှိ ပန်းတနော်ကွမ်းခြံများ ရေနစ်မြုပ်ခဲ့သဖြင့် ကွမ်းဈေးတစ်ဟုန်တည်း ထိုးတက်သွားခဲ့သည်။ ကွမ်းတစ်ပိဿာ ငွေကျပ် ၁၂၀၀၀ အထိ မြင့်တက်သွားခဲ့ကြောင်း ကွမ်းဒိုင်တစ်ဒိုင်မှ ကြားခဲ့ရသည်။ ရန်ကုန်မြို့ သီရိမင်္ဂလာဈေးကြီးအတွင်းသို့ ပန်းတနော်၊ ကျောင်းကုန်း၊ ညောင်တုန်း၊ တွံတေး၊ ကွမ်းခြံကုန်း၊ မုံရွာစသော မြို့နယ်များက ကွမ်းများ အဝင်များသည်။ ကွမ်းဒိုင်ရှင်တစ်ဦးဖြစ်သူ ဦးထိန်လင်းက **"ဒီနေ့ ၂၇ ရက် ကွမ်းပေါက်ဈေးက ပန်းတနော်၊ ညောင်တုန်း၊ ကျောင်းကုန်းကွမ်းက ပုံမှန်တစ်ပိဿာ ငွေကျပ် ၈၀၀၀၊ ရှယ်က ငွေကျပ် ၉၀၀၀၊ တွံတေး-ကွမ်းခြံကုန်းကွမ်းက တစ်ပိဿာငွေကျပ် ၆၀၀၀ မှ ၆၅၀၀၊ မုံရွာကွမ်းက တစ်ပိဿာ ငွေကျပ် ၃၇၀၀ ရှိနေပါတယ်။ ပုံမှန်ဈေးရှိနေပေမယ့် အရောင်းအဝယ်ကတော့ ခပ်အေးအေးပါပဲ"** ဟုဆိုသည်။ ကွမ်းဒိုင်တစ်ဒိုင်မှ ဒေါ်ယဉ်ကြည်က **"ကွမ်းအရောင်းအဝယ်သဘောက ကွမ်းစိုက်တဲ့သူကို ဒိုင်ကကြိုတင်ငွေပေးထားရပြီး ကိုယ်ကပြန်ရောင်းရင် အကြွေးချပေးရတယ်။ လူအမျိုးမျိုး စိတ်အထွေထွေဆိုတော့ အားလုံးအဆင်ပြေပါမှ တော်ကာကျတယ်။ တစ်ခုခုဖောက်လိုက်ရင် သွားပြီသာမှတ်၊ အခုတော့ ကွမ်းဒိုင်အတော်များများ အရှုံးဘက်ကို ဦးတည်နေပါတယ်"** ဟု အရောင်းအဝယ်သဘောကို ပြောပြသည်။

သီရိမင်္ဂလာဈေးကြီး အတွင်း၌ ကွမ်းသီးနှင့် ကွမ်းယာသုံးပစ္စည်းများရောင်းချသော ဆိုင်ပေါင်း ၁၂ ဆိုင်ရှိပြီး အဓိက ကွမ်းသီးဈေးကွက်မှာ ဘုရင့်နောင်ကုန်စည်ဒိုင်နှင့် ဗဟန်းမြို့နယ် ဂွတ္တလစ်ရပ်ကွက်ရှိ ကွမ်းသီးစိပ်များရောင်းသော ဈေးကွက်ဖြစ်သည်။ ဂွတ္တလစ်ရပ်ကွက်အတွင်း၌ ကွမ်းသီးစိပ်ညှပ်ရောင်းသော အိမ်ဆိုင်ပေါင်း ရာနှင့်ချီရှိနေကြောင်း သိရသည်၊ အရောင်းအဝယ်နှင့် ပတ်သက်၍ မေးကြည့်ရာ **"ကျွန်မတို့ဈေးရုံအတွင်း ကွမ်းသီးနဲ့ ဆက်စပ်ပစ္စည်း ရောင်းတဲ့ဆိုင် တရားဝင် ၁၂ ဆိုင်ရှိပေမယ့် အပြင်မှာ အခြားဆိုင်တွေကပါ ဒီပစ္စည်းရောင်းနေတော့ အရောင်းအဝယ်ကောင်းသင့်သလောက် မကောင်းဘူးအေးနေတယ်"** ဟု ဆိုသည်များ ကြားသိခဲ့ရသည်ကို ကွမ်းဈေးကွက်အကြောင်း တစေ့တစောင်းအဖြစ် ရေးသားလိုက်ပါသည်။ **(မြန်မာ့အလင်း)**

ကွမ်းဒိုင်တစ်ဒိုင်တွင် စိတ်ကြိုက်ရွေးဝယ်နေကြသူများ။

မိန်းကလေး တစ်ဦး လယ်ကွင်းထဲ မိုးကြိုးထိမှန်သေဆုံး

ဖြူး ဩဂုတ် ၂၇

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ချင်းခင်ကျေးရွာအုပ်စု သပြေလှကျေးရွာနေ မအူရီးယား အသက် ၁၉ နှစ် (ဘ)ဦးအောစနား(လယ်လုပ်)သည် ဩဂုတ် ၂၆ ရက် ညနေ ၄ နာရီ မိနစ် ၂၀ ခန့်တွင် သပြေလှရွာနေအိမ်မှ ရန်ကုန်-မန္တလေး မီးရထားလမ်းအရှေ့ဘက် မိမိပိုင်လယ်ကွင်းထဲသို့သွားရာ လယ်ကွင်းထဲအရောက်တွင် မိုးကြိုးပစ်ခံရသဖြင့် မအူရီးယား၏(ဝဲ)ဘက်နဖူးဆံစညီမည်းဒဏ်ရာဖြင့် နေရာတွင်ပင် သေဆုံးသွားသဖြင့် ဖြူးရဲစခန်းမှ သေမှုသေခင်းအဖြစ် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ *(၁၁၃)*

မိုးစပါးစံပြကွက် နည်းပညာသရုပ်ပြပွဲ ကချင်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် ဩဂုတ် ၂၇

သိပ္ပံနည်းကျ စိုက်နည်းစနစ်(၁၄) ချက်ဖြင့်စိုက်ပျိုးထားသော မိုးစပါးစံပြကွက်၌ တောင်သူများအား နည်းပညာသရုပ်ပြပွဲကို ဩဂုတ် ၂၃ ရက် နံနက် ၈ နာရီက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်ကွင်းအမှတ်(၃)တောင်သူ ငါးဦးတို့၏ ဆင်းကေရီ-၃ စံပြစိုက်ခင်း ၁၀ ဧက၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းသည် ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးဘီထောဇောင်း၊ တာဝန်ရှိသူများနှင့်အတူ သိပ္ပံနည်းကျ ပျိုးထောင်စိုက်ပျိုးထားသည့် စပါးစံပြကွက် ၁၀ ဧက၏ အပင်များစည်းပွားမှု အခြေအနေ၊ တောင်သူများ၏ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာကြပက်နေမှုနှင့် ကြားပေါင်းလိုက်နေမှု၊ မျိုးကွဲများ နုတ်ပယ်နေမှု၊ ပိုးမွှားရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းနေမှု စသည့်လုပ်ငန်းများ သရုပ်ပြဆောင်ရွက်ခြင်းတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် တောင်သူလယ်သမားများနှင့် တွေ့ဆုံပြီး စပါး အထူးအထွက်တိုးရေးအတွက် စနစ်တကျထွန်ယက်စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့် အသုံးပြုရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ မြေဩဇာ စနစ်တကျအသုံးပြုရေး၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးတို့ကို မှာကြားသည်။

ယင်းနောက် စိုက်ပျိုးရေးဌာနမှ ပြသထားသည့် အထွက်ကောင်း မျိုးကောင်း မျိုးသန့်စပါးမျိုးများ၊ ပိုးသတ်ဆေးများနှင့် ဆေးဖျန်းကိရိယာများ၊ ဓာတ်မြေဩဇာများ၊ လယ်ယာသုံးကိရိယာများနှင့် စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပရာ အခမ်းအနားတွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ကျောင်းသူဟောင်းဖြစ်သည့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်အသုံးချပညာဌာန ပါမောက္ခဌာနမှူး ဒေါက်တာသင်းသူနိုင်က ကန်တော့ခံ ဆရာ ဆရာမကြီးများအား တစ်ဦးချင်းမိတ်ဆက်ပေးသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူဟောင်းတို့က ကန်တော့ခံဆရာ ဆရာမကြီး ၃၅၉ဦးတို့အား ဂါရဝပြုလက်ဆောင်များ ပေးအပ်ပြီး ကန်တော့ကြသည်။ **(အပေါ်ပုံ)** ယင်းနောက် ဆရာ ဆရာမကြီးများကိုယ်စား ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် (ငြိမ်း)ဒေါက်တာကျော်သိန်းက ဩဝါဒစကား ပြောကြားကာ ဆက်လက်၍ကျောင်းသားဟောင်း ကိုနေလင်းဇင် (10 th Batch) က အာစရိယပူဇော်ပွဲကျင်းပနိုင်ခြင်းအတွက် ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ညောင်လေးပင်မြို့၌ ထေရဝါဒဗုဒ္ဓဘာသာ သာသနာ့နုဂ္ဂဟအသင်း ဆိုင်းဘုတ်တင်

ညောင်လေးပင် ဩဂုတ် ၂၇

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့တွင် နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာ့နုဂ္ဂဟအသင်း ဆိုင်းဘုတ်တင်ပွဲကို ဩဂုတ် ၁၇ ရက် နံနက် ၈နာရီခွဲက ကျင်းပရာ ပဲခူးခရိုင် သာသနာ့နုဂ္ဂဟအသင်း ဥက္ကဋ္ဌ၊ မြို့နယ် သာသနာ့နုဂ္ဂဟ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသောအသင်းဝင်များက မြို့နယ် ဩဝါဒါစရိယ ဆရာတော်ကြီးကိုးပါးတို့ထံမှ ဩဝါဒခံယူပြီး ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ရာသက်ပန်အသင်းဝင် ၂၁၀ နှင့်အသင်းဝင်ပေါင်း၁၁၈၀၀တို့၏လျှောက်လွှာများကို ခရိုင်သာသနာ့နုဂ္ဂဟ ဥက္ကဋ္ဌထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မသန်စွမ်းသူများအား ထောက်ပံ့ပစ္စည်းပေးအပ်ပွဲ ထန်းတပင်မြို့နယ်၌ ကျင်းပ

ထန်းတပင် ဩဂုတ် ၂၇

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၈ ရက်က မသန်စွမ်းကျောင်းသား ကျောင်းသူများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲ အခမ်းအနားကျင်းပရာ အခမ်းအနားတွင် ရှေးဦးစွာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်စိန်စိန်က ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးဟောပြောသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ပေါက်ပေါက်အဖွဲ့က မသန်စွမ်းကျောင်းသား ကျောင်းသူများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြပြီးနောက် အမှတ် (၄)ရပ်ကွက် အမကကျောင်းအတွက် ကျောင်းသုံးသန့်ရှင်းရေးပစ္စည်းများ၊ ချို့တဲ့ကျောင်းသား ကိုးဦးတို့အား စာအုပ်နှင့် စာရေးကိရိယာများ၊ ကျောင်းသား ကျောင်းသူ ကလေးငယ် ၁၆၁ ဦးတို့အား တစ်ကိုယ်ရေသန့်ရှင်းရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** (ဝ၄၈)

မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေး

စစ်ကိုင်းတိုင်းဒေသကြီး သီတဂူအဓိပတိဆရာတော်၏ ဦးဆောင်မှုဖြင့် ဖွင့်လှစ်ခဲ့သော ကလေးမြို့ရှိ သီတဂူစက္ခုဒါနဆေးရုံတော်၌ မျက်စိဝေဒနာရှင်များအား စမ်းသပ်ခွဲစိတ်ကုသမှုများပြုလုပ်ခဲ့ကြရာ ဇူလိုင်လကုန်ပိုင်းအထိ မျက်စိဝေဒနာရှင် ၉၁၄ ဦးတို့အား ကုသပေးခဲ့ပြီးဖြစ်သည်။ အဆိုပါ ကလေးမြို့ သီတဂူစက္ခုဒါန ဆေးရုံတော်မှ မျက်စိဝေဒနာရှင်များအား စမ်းသပ်စစ်ဆေးကုသမှုလုပ်ငန်းများကို ၂၀၀၉ ခုနှစ် နှစ်ဆန်းပိုင်းမှ စတင်ခဲ့ခြင်းဖြစ်သည်။ ကလေးမြို့ သီတဂူစက္ခုဒါန ဆေးရုံတော်ကို ဒေသခံစေတနာရှင်တို့ကမတည်၍ စတင်ဆောက်လုပ်ခဲ့ပြီး သီတဂူဆရာတော်က ဆေးရုံသုံး ပရိဘောဂများ၊ ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးများလှူဒါန်းခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

သုံးဆယ်ဆရာတော် ဆေးဝါးကုသမှုခံယူ

ပဲခူးတိုင်း သုံးဆယ်မြို့ ဆရာတော် ဘဒ္ဒန္တအရှင်ဉာဏသည် အာရုတော်ဝင်ဆေးရုံ၌ ကျောက်ကပ်ရောဂါဖြင့် ဇူလိုင် ၂၈ ရက်မှ စတင်ဆေးရုံတက်ရောက်ခဲ့ပြီး အခြားရောဂါဝေဒနာများအတွက်လည်း ကျန်းမာရေး စစ်ဆေးမှုခံယူလျက်ရှိရာ ဆရာတော်အား အာရုတော်ဝင်ဆေးရုံမှ ဆရာဝန်များက မေတ္တာဖြင့် ကြပ်မတ်ကုသပေးခဲ့ကြောင်း သိရသည်။ ဆရာတော် သုံးဆယ်မြို့သို့ ပြန်ကြွသည့်အချိန်တွင် အာရုတော်ဝင် ဆေးရုံမှဆရာဝန်တစ်ဦးနှင့် အမျိုးသားသူနာပြုနှစ်ဦးတို့က မေတ္တာဖြင့် လိုက်ပါ၍ ဆရာတော်ကြီး၏ ကျန်းမာရေးကို စောင့်ရှောက်ပေးမည် ဖြစ်ကြောင်း သိရသည်။ သုံးဆယ်မြို့သို့ပြန်ရောက်ပါက ဆရာတော်ကြီးအားဖူးမြော်ချိန်ကို နံနက် ၆ နာရီခွဲတစ်ကြိမ်သာ ခွင့်ပြုမည်ဟုသိရသည်။

(သတင်းစဉ်)

မူဆယ်၌ မိုးစပါးစိုက်ပျိုးမှု ထွန်တုံးပိတ်ပွဲကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် မိုးစပါးစိုက်ပျိုးမှု ထွန်တုံးပိတ်ပွဲ အခမ်းအနားကို စယ်လန့်ကျေးရွာအုပ်စုတွင် ဩဂုတ် ၆ ရက် နံနက် ၈ နာရီက ကျင်းပရာ ရှေးဦးစွာ မူဆယ်ခရိုင် စိုက်ပျိုးရေးမန်နေဂျာ ဦးသန်းငွေက မူဆယ်မြို့နယ်၏ မိုးစပါးစိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ရှမ်းပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေး ဝန်ကြီးဌာန ဝန်ကြီးဦးစိုင်းဆာလူ၊ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိန်မိုင်တို့က ကောက်စိုက်လုံမေများအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

မြန်မာနိုင်ငံသည် သွေးလှူရှင် အများဆုံးနိုင်ငံဖြစ်

အမျိုးသားသွေးဌာန(ရန်ကုန်)သည် ရန်ကုန်မြို့ပေါ်ရှိ ဆေးရုံကြီး ကိုးရုံ၏ သွေးလိုအပ်ချက် ၉၀ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးလျက်ရှိသည်။ အရေးပေါ်လိုအပ်သည့် သွေးကိုလည်း ကြိုတင်စာရင်းပေးထားသည့် သွေးလှူရှင်များနှင့် ဆက်သွယ်ရယူပေးလျက်ရှိသည်။ အမျိုးသားသွေးဌာနသို့ နေ့စဉ် စေတနာရှင် သွေးလှူဒါန်းသူများနှင့် သွေးလှူရှင် အဖွဲ့အစည်း ၇၅ ဖွဲ့က တစ်ရက်လျှင် သွေးပုလင်း ၅၀ မှ ၇၀ အကြား လှူဒါန်းလျက်ရှိသည်။ အခါကြီးရက်ကြီးများနှင့် အပတ်စဉ် လစဉ် လာရောက်လှူဒါန်းသည့် အဖွဲ့အစည်းများက သွေးပုလင်း ၂၅၀၀ မှ ၃၀၀၀အကြား လစဉ်လှူဒါန်းလျက်ရှိသည်။ သွေးအများဆုံးလှူဒါန်းသည့် အဖွဲ့မှာ မင်္ဂလာဗျူဟာအဖွဲ့ဖြစ်ပြီး နှစ်လလျှင်တစ်ကြိမ် သွေးပုလင်း ၄၀၀မှ ၅၀၀ ကြား တစ်နှစ်ပတ်လုံး လှူဒါန်းလျက်ရှိသည်။ တော်သလင်းလပြည့်နေ့ (မေတ္တာအခါတော်နေ့)က ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် သွေးလှူဒါန်းပွဲတွင် လာရောက်လှူဒါန်းသူ ၁၅၀၀ရှိပြီး အမျိုးသားသွေးဌာနက သွေးပုလင်း ၆၅၀ကို လက်ခံဖောက်ယူခဲ့ကြောင်း သိရှိရသည်။ ဒေသတွင်း နိုင်ငံများအနက် မြန်မာနိုင်ငံသည် စေတနာအလျောက် သွေးလှူဒါန်းမှုအများဆုံးနိုင်ငံ ဖြစ်ကြောင်း သိရှိရသည်။

(စိုးမင်း-သတင်းစဉ်)

မော်ကျွန်း၌ တိရစ္ဆာန်ရောဂါကာကွယ်ဆေး ထိုးနှံပေး

မော်လမြိုင်ကျွန်း ဩဂုတ် ၂၇

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်အတွင်း စီးပွားဖြစ်မွေးမြူရေးလုပ်ကိုင်သူများ ဝင်ငွေတိုးပွားအကျိုးများပြီး ကျေးလက်ဒေသမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကွင်းဆင်းဆေးဝါးကုသရေးအဖွဲ့လေးဖွဲ့တို့သည် ဩဂုတ် ၁၇ ရက် မှ ၂၀ ရက် အထိ မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၇၈ ရွာသို့ ကွင်းဆင်းသွားရောက်ကြပြီး ဝက်ကောင်ရေ ၆၆၃ ကောင်အား ဝက်ဝမ်းကျရောဂါကြိုတင်ကာကွယ်ဆေးများနှင့် ကြက်ကောင်ရေ ၁၀၅၃ ကောင်တို့အား ကြက်အပူဒဏ်ခံ ကြက်လည်လိမ်ရောဂါ ကြိုတင်ကာကွယ် ဆေးများကို ထိုးနှံကုသပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ ကွင်းဆင်းအဖွဲ့သည် ကျေးရွာစုရပ်များတွင် ကျေးရွာများရှိ စီးပွားဖြစ်မွေးမြူရေးလုပ်ကိုင်သူများနှင့် တွေ့ဆုံပြီး ရောဂါကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့် မွေးမြူရေးလုပ်ငန်းဆိုင်ရာ ဗဟုသုတများကို အသိပညာပေး ဆွေးနွေးဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက် တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိ

ကယားပြည်နယ် လွိုင်ကော်မြို့ ရွှေတောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့ ရွှေတောင်လမ်းပေါ်တွင် မော်တော်ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိပြီး တစ်ဦးသေဆုံးကာ တစ်ဦးဒဏ်ရာရရှိသော ယာဉ်တိုက်မှုတစ်ခု ဩဂုတ် ၂၁ ရက် ညနေ ၃ နာရီ ၁၀ မိနစ်ခန့်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ လွိုင်ကော်မြို့ ရွှေတောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့၊ ရွှေတောင်လမ်းပေါ်တွင် ရွှေတောင်ရပ်ကွက်နေ မောင်ခင်မောင်ထွေး အသက် (၂၂)နှစ် မြောက်မှတောင်သို့ မောင်းနှင်လာသော ကန်ဘို ၁၂၅ အမျိုးအစား မော်တော်ဆိုင်ကယ်နှင့် အဆိုပါလမ်းအတိုင်း လွိုင်ကော်မြို့ ကြည်သာယာရပ်ကွက်နေ မောင်ဒါဂျစ်အသက်(၂၈)နှစ် တောင်မှမြောက်သို့ မောင်းနှင်လာသော စူဘို-၁၂၅ အမျိုးအစား မော်တော်ဆိုင်ကယ်တို့ အရှိန်ပြင်းစွာ မျက်နှာချင်းဆိုင်တိုက်မိခဲ့သဖြင့် မောင်ခင်မောင်ထွေးမှာ ဝဲမျက်ခုံး ပေါက်ပြဲဒဏ်ရာ၊ ဝဲပါး ပွန်းပဲ့ဒဏ်ရာတို့ရရှိပြီး မောင်ဒါဂျစ်မှာ ယာ-နား သွေးထွက်ဒဏ်ရာ၊ ဝဲ မျက်ခုံး ပေါက်ပြဲဒဏ်ရာ၊ နှာခေါင်းသွေးထွက်ဒဏ်ရာ၊ ယာပေါင် ပေါက်ပြဲဒဏ်ရာတို့ရရှိခဲ့သောကြောင့် လွိုင်ကော်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

စုံစမ်းစစ်ဆေး

ကယားပြည်နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ်ဇေယျာလတ်က အခင်းဖြစ်ရာ နေရာသို့ သွားရောက်စုံစမ်းစစ်ဆေးပြီး တရားလိုပြုလုပ်လျက် တိုင်ကြားရာ လွိုင်ကော်ရဲစခန်းက အမှုဖွင့်ဆောင်ရွက်စဉ် မောင်ဒါဂျစ်မှာ ရရှိထားသော ဒဏ်ရာများဖြင့် ဩဂုတ် ၂၂ ရက် နံနက် ၁ နာရီ ၄၅ မိနစ်တွင် သေဆုံးသွားကြောင်း သိရသည်။ အဆိုပါအမှုကို ကယားပြည်နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများက ဆက်လက်စုံစမ်း စစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။

(ကြီးမြင့်နိုင်-လွိုင်ကော်)

ရွှေထည်နှင့်ငွေသား ကျပ် ၆၄ သိန်းကျော် ပျောက်ဆုံးမှု ကျောင်းကုန်းမြို့နယ်တွင် ဖြစ်ပွား

ဩဂုတ် ၁၁ ရက်က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ရန်ကုန်-ကျောင်းကုန်း-ပုသိမ်ကားလမ်းမကြီးအနီးရှိ အိုးဘိုကျေးရွာနေ ဦးအောင်မြိုင်နေအိမ်မှ ကြွပ်ကြွပ်အိတ်ဖြင့်ထည့်ထားသော ရွှေထည်နှင့် ငွေသား ကျပ် ၆၄ သိန်းကျော်၊ အခြားအဝတ်အစားများနှင့် ပြင်ပတွင်လှန်းထားသော Max နှင့် D2 တံဆိပ်ပါ မိုးကာအင်္ကျီများပျောက်ဆုံးသော အမှုတစ်ခုဖြစ်ပွားခဲ့သည်။

၎င်းအမှုအား ကျောင်းကုန်းမြို့မ စခန်းမှူး ရဲအုပ်သိန်းဇော်နှင့် အမှုစစ်နယ်ထိန်းတပ်ဖွဲ့ဝင်များ လိုက်လံစစ်ဆေးရာ ဩဂုတ် ၁၂ ရက်တွင် တရားခံ ဦးသိန်းထွန်းဦး၏ယောက္ခမ ကျောင်းကုန်းမြို့နယ် လှည်းဆိပ်ကျေးရွာအုပ်စု တာဦးကျေးရွာနေ ဦးမြဝင်းထံမှ ပျောက်ဆုံးသွားသောMax နှင့် D2 မိုးကာအင်္ကျီကို တွေ့ရှိရပြီး သိန်းထွန်းဦး၏ဇနီး မြစပယ်(ခ) စာဥထံမှ နှစ်ကျပ်သုံးပဲရှိ ကြိုးဆစ်လက်ကောက် လေးကွင်း၊ ရှစ်ပဲခန့်ရှိ ရွှေကြယ်သီး ငါးလုံး၊ ပုလဲ ၂၁လုံး၊ ငွေကျပ်တစ်သိန်းနှင့်အတူ အမှုကွင်းဆက် မင်းမင်းထံမှ တစ်ကျပ် ၁၃ ပဲ လေးရွေးရှိ ကျောက်ဆွဲကြိုးတစ်ကုံး၊ တစ်ကျပ်တစ်ပဲနှစ်ရွေးခန့်ရှိ ကျောက်လက်ကောက် တစ်ကွင်း၊ တစ်ကွင်းလျှင် ငါးမူးသားရှိ ကြိုးဆစ်လက်ကောက်ငါးကွင်းတို့ကို တွေ့ရှိသိမ်းဆည်းရမိသည်။

သိန်းထွန်းဦးသည် ဩဂုတ် ၁၅ ရက်တွင် မော်လမြိုင်ကျွန်းမြို့နယ် ဖိုးသာအေးအုပ်စု စူမန်ကျေးရွာမှတစ်ဆင့် ဘိုကလေး-ရန်ကုန်ထွက်သည့် ပွင့်သစ်နိုင်မှန်လုံယာဉ်ပေါ်တွင် ပါသွားကြောင်းသတင်းရရှိသဖြင့် မဲဇလီဂိတ်တွင် စောင့်၍ဖမ်းဆီးရာ သိန်းထွန်းဦးအား ရွှေထည်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ပျောက်ဆုံးရွှေထည်အားလုံးကို ပုံစံမပျက် ပြန်လည်သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

(ဝ၉၁)

ပုသိမ်မြို့နယ်၌ ငါးနှစ်သမီးလေး ရေတွင်းထဲလိမ့်ကျသေဆုံး

ဩဂုတ် ၂၀ရက်ညနေ ၄နာရီခန့်က ပုသိမ်မြို့ အမှတ် (၃) နယ်မြေ အရှေ့ကိုးသိန်းဂေါက်ကလပ်လုပ်သားအိမ်ရာနေ ကိုမျိုးမင်းအောင်နှင့် ဇနီးမမိုးမိုးတို့ အလုပ်သွားနေခိုက် သမီးမဝါဝါအောင် (၅နှစ်)သည် ကျောင်းဆင်း၍ နေအိမ်သို့ပြန်ရောက်ရှိလာစဉ် ခြံဝင်းအတွင်းရှိ အကာအရံမဲ့ရေတွင်းသို့ သွားရောက်၍ ရေခပ်ရာတွင် လူအားနှင့် ရေတွင်းထဲမှရေပုံးအား မမျှသဖြင့် ရေတွင်းထဲသို့ လိမ့်ကျသေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ (ဝ၇၇)

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ဦးဆောင်သောအဖွဲ့ ဗီယက်နမ်နိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဩဂုတ် ၂၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ဦးဆောင်သော အဖွဲ့ဝင်ရှစ်ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ Agriculture and Rural Development ဝန်ကြီး H.E.Dr. Cao Duc. Phat ၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ဩဂုတ် ၂၁ ရက်မှ ၂၆ ရက်အထိ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၂၂ ရက် နံနက် ၁၀ နာရီခွဲတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ Agriculture and Rural Development ဝန်ကြီး H.E.Dr.Cao Duc.Phat အား ၎င်း၏ရုံး အစည်းအဝေးခန်းမ၌ သွားရောက်တွေ့ဆုံ၍ **(အပေါ်ယာပုံ)** နှစ်နိုင်ငံ လယ်ယာကဏ္ဍနှင့် ပတ်သက်သည့် မူဝါဒများနှင့် အတွေ့အကြုံများ၊ စိုက်ပျိုးရေးနည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများ၊ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမည့် လယ်ယာကဏ္ဍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး ဆောင်ရွက်မှု အတွေ့အကြုံများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

ဆွေးနွေးခဲ့

ထို့နောက် ဟနွိုင်းမြို့ Vietnam Academy for Agriculture Sciences ၌ ဗီယက်နမ်နိုင်ငံမှ စိုက်ပျိုးရေးပညာရှင်များအဖွဲ့နှင့် တွေ့ဆုံပြီး စိုက်ပျိုးရေးသုတေသနဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်မည့် အခြေအနေ၊ ပညာရှင် အတွေ့အကြုံဖလှယ်ရေးနှင့် သီးနှံမျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးမှုဆိုင်ရာ ကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်ရန် ပြင်ဆင်ထားရှိမှုများနှင့် သီးနှံမျိုးဗီဇ ထိန်းသိမ်းထားရှိမှုများကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ညနေ ၃ နာရီ ၁၅ မိနစ်တွင် Ha Noi Agriculture University သို့ ရောက်ရှိပြီး ဒုတိယပါမောက္ခချုပ် Dr. Nguyen Xuan Trach အပါအဝင် တက္ကသိုလ်၏ ပါမောက္ခ၊ ဌာနမှူးများနှင့် တွေ့ဆုံကြရာ တက္ကသိုလ်မှ သင်ကြားပို့ချပေးလျက်ရှိသော ဘာသာရပ်ဆိုင်ရာများ၊ သင်တန်းသား လက်ခံနိုင်မှုနှင့် ပညာသင်နှစ်သတ်မှတ်ထားရှိမှု၊ ပြည်တွင်းပြည်ပ စိုက်ပျိုးရေးတက္ကသိုလ်၊ သုတေသနများနှင့် လက်တွေ့ပူးပေါင်းဆောင်ရွက်မှုနှင့် တက္ကသိုလ်အချင်းချင်း အတွေ့အကြုံဖလှယ်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ညနေ ၅ နာရီခွဲတွင် ဗီယက်နမ် ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဘဏ် (Bank for Investment and Development Vietnam) တွင် ဘဏ်ဥက္ကဋ္ဌ Mr. Tran Bae Ha၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်လိုသော The Association of Viet Nam's Investors to Myanmar ဗီယက်နမ် လုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး နှစ်နိုင်ငံ အကျိုးရှိမည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၃ ရက် နံနက် ၈ နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ VINA SEED, National Seed Joint Stock Company, Chairman and CEO Mr. Tran Kin Lien နှင့် ကုမ္ပဏီရုံးချုပ်၌ တွေ့ဆုံပြီး နှစ်နိုင်ငံ စိုက်ပျိုးရေး မျိုးစေ့ကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၄ ရက် နံနက် ၈ နာရီခွဲတွင် Vietnam National Coffee Crop. (CVINACA) ဥက္ကဋ္ဌ Dr. Doan Dinh Thiem နှင့်အဖွဲ့အား ယင်းကုမ္ပဏီ၏ရုံးချုပ်၌ တွေ့ဆုံ၍ ကမ္ဘာပေါ်တွင် ကော်ဖီတင်ပို့မှု ဒုတိယအများဆုံးအဆင့် ရောက်သည်အထိ ဗီယက်နမ်နိုင်ငံအတွင်း ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများ၊ နှစ်နိုင်ငံ နည်းပညာဖလှယ်ရေး အစီအစဉ်များ၊ ကော်ဖီအခြေခံ စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နံနက် ၁၀ နာရီခွဲတွင် PETRO VIETNAM FERTILIZER & CHEMICAL CORPORATION ဥက္ကဋ္ဌ Mr. Bui Minch Tien နှင့် အဆိုပါကုမ္ပဏီ၏ရုံးချုပ်၌ တွေ့ဆုံပြီး နှစ်နိုင်ငံ၏ ဓာတ်မြေဩဇာထုတ်လုပ်မှု၊ သုံးစွဲမှု အခြေအနေများနှင့် စပ်လျဉ်း၍ လေ့လာဆွေးနွေးခဲ့ကြသည်။

ထို့နောက် မွန်းလွဲ ၂ နာရီခွဲတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ ဗီယက်နမ်စစ်ပွဲကာလအတွင်း အသုံးပြုခဲ့သော သမိုင်းဝင် ကူချီမြေအောက်လိုဏ်ခေါင်းများ (Cu Chi Tunnels)သို့ သွားရောက်လေ့လာခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၅ ရက် နံနက် ၈ နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Ho Huan Hung နှင့် Vietnam Rubber Industry Group ဥက္ကဋ္ဌ Mr. Re Quang Thung တို့ ဦးဆောင်သောအဖွဲ့နှင့် ကုမ္ပဏီ၏ ရုံးချုပ်၌ တွေ့ဆုံပြီး နှစ်နိုင်ငံအတွင်း ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံနိုင်မှု၊ ရော်ဘာစိုက်ပျိုးမှုစနစ်များ၊ အသုံးပြုသော ရော်ဘာမျိုးများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရော်ဘာစိုက်ခင်းများကို လေ့လာခဲ့ကြပြီး မွန်းလွဲပိုင်းတွင် ဟိုချီမင်းမြို့ရှိ ဗီယက်နမ် စစ်သမိုင်းပြတိုက် (War Remnants Museum)သို့ သွားရောက်ကြည့်ရှု လေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

IT Business Plan Contest ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၇

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် Japan နိုင်ငံ CIESF တို့ ပူးပေါင်းကျင်းပမည့် IT Business Plan Contest အား မြန်မာနိုင်ငံသားမည်သူမဆို Mobile Application များဖြစ်သော Tele-medicine, Tele-education, Tele-social network တို့အနက်မှ ကြိုက်နှစ်သက်ရာ ခေါင်းစဉ်ကို ရွေးချယ်၍ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်ဖြစ်ရာ ပြိုင်ပွဲဝင်မည့် Project များကို မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ရုံးခန်းသို့ စက်တင်ဘာ ၁၅ ရက် ရုံးချိန်အတွင်း နောက်ဆုံးထားပေးပို့ရမည်ဖြစ်သည်။ ပထမအဆင့် ရွေးချယ်ခံရသည့် Project ၁၀ ခု စာရင်းကို စက်တင်ဘာ ၂၂ ရက်တွင် ကြေညာမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက www. myanmarictawards.org သို့ ဝင်ရောက်ကြည့်ရှုနိုင်သည်။ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ရုံးခန်း ဖုန်း-၀၁-၆၅၂၃၀၇ သို့လည်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အိန္ဒိယတပ်မတော်၏ စစ်ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌနှင့် ရေတပ်ဦးစီးချုပ်အဖွဲ့ ပြန်လည်ထွက်ခွာ

နေပြည်တော် ဩဂုတ် ၂၇

အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော်၏ စစ်ဦးစီးချုပ်များကော်မတီ ဥက္ကဋ္ဌနှင့် ရေတပ်ဦးစီးချုပ် Admiral Nirmal Verma, PVSM, AVSM, ADC ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၆ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ ပြင်ဦးလွင်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိကြသည်။

ထို့နောက် စစ်တက္ကသိုလ်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် မန္တလေးမြို့သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြပြီး မန္တလေးတောင် ဆုတောင်းပြည့်ဘုရားအား သွားရောက်ဖူးမြော်ကြသည်။

အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော်၏ စစ်ဦးစီးချုပ်များကော်မတီ ဥက္ကဋ္ဌနှင့် ရေတပ်ဦးစီးချုပ် Admiral Nirmal Verma, PVSM, AVSM, ADC ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ရဲအောင်နှင့် တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

တောင်ကြီးဇုန်တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၇

တောင်ကြီးဇုန်တက္ကသိုလ်များ (အမျိုးသား/အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၅ ရက် ညနေ ၃ နာရီတွင် တောင်ကြီးမြို့ ကမ္ဘောဇအားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကျင်းပရာ ပြည်နယ်ဒိုင်အဖွဲ့အား အမှတ်တရလက်ဆောင်နှင့် အမျိုးသမီး နေရာအလိုက် အကောင်းဆုံးဆုများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုနှင့် အမျိုးသား နေရာအလိုက် အကောင်းဆုံးဆုများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုတို့ကိုလည်းကောင်း၊ အမျိုးသမီးပထမဆုရ တောင်ကြီးတက္ကသိုလ် အသင်းနှင့် ဒုတိယဆုရ ပင်လုံတက္ကသိုလ်အသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း၊ အမျိုးသမီးပထမဆုရ တောင်ကြီးတက္ကသိုလ် အသင်းအား ငွေသားနှင့် ဆုဖလားကိုလည်းကောင်း၊ အမျိုးသား ပထမဆုရ ကျိုင်းတုံတက္ကသိုလ်အသင်းနှင့် ဒုတိယဆုရ လွိုင်ကော်တက္ကသိုလ်အသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း ပင်လုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်တို့က ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အမျိုးသား ပထမဆုရ ကျိုင်းတုံတက္ကသိုလ်အသင်းအား ငွေသားနှင့် ဆုဖလားကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ ရွှေဖုံးမှ

နဂါးပေါက်တံတားသည် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး ဒိုက်ဦးမြို့မှ ရန်ကုန်-ပဲခူး-မော်လမြိုင်လမ်းရှိ စစ်တောင်းတို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် ဖြတ်လမ်းပေါ်တွင်တည်ရှိသည်။ ယခင်လမ်းကြောင်းမှာ ၄၆ မိုင် ကွာဝေးပြီး ယခုတည်ဆောက်ပေးသည့်တံတားကို အသုံးပြု၍ ဒိုက်ဦးမှ စစ်တောင်းသို့ ဖြတ်လမ်းမှသွားပါက ၂၁ မိုင် ၆ ဖာလုံသာဝေးသည့်အတွက် ၂၄ မိုင် ၂ ဖာလုံ သက်သာသွားမည်ဖြစ်သည်။ ဤတံတားကြီး ဖွင့်လှစ်ပေးသည့်အတွက် ပဲခူးတိုင်းဒေသကြီးမှတစ်ဆင့် မြန်မာပြည်အထက်ပိုင်းနှင့် အောက်ပိုင်းဒေသများသို့လည်းကောင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးများသို့လည်းကောင်း၊ မြန်မာပြည် အရှေ့မှအနောက်၊ တောင်မှမြောက်သို့ ကွန်ရက်သဖွယ် ယှက်သွယ်ဖောက်လုပ်ထားသည့်လမ်းများမှတစ်ဆင့် ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်စွာဖြင့် ဒေသထွက်ကုန်များကို အပြန်အလှန် ကူးလူးသယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်သကဲ့သို့ ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အုပ်ချုပ်ရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

အောင်မြင်စွာဖွင့်လှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ယခုဆောင်ရွက်ပြီးစီးဖွင့်လှစ်သည့် နဂါးပေါက်တံတားအပါအဝင် ပေ ၁၈၀ နှင့်အထက် တံတားကြီး (၅)စင်းကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ဒိုက်ဦး-စစ်တောင်းလမ်းပေါ်၌ တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၂)က တာဝန်ယူတည်ဆောက်လျက်ရှိသော တံတားအမှတ် (၁/၆) ပဲခူး-စစ်တောင်း တူးမြောင်းတံတားသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ပြည်ထောင်စုဝန်ကြီးက တံတားလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်၊ လုပ်ငန်းများ အမြန်ဆုံးပြီးစီးရေး တွန်းအားပေးဆောင်ရွက်ရန်နှင့် တံတားချဉ်းကပ်လမ်းကိုပါ တစ်ပြိုင်နက်တည်း ပြီးစီးအောင် နေ့/ညမပြတ် ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် တံတားကြီးပေါ်သို့ တက်ရောက်၍ တံတားကြမ်းခင်းများ သွန်းလောင်းနေမှု၊ တံတားလက်ရန်းများ ဆောင်ရွက်နေမှုနှင့် တံတားချဉ်းကပ်လမ်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ

❖ *လက်ငုတ်မွေခံ၊ နှင်းဆီခြံတည့်*
သန္တာတစ်ကန့်၊ ပန်းတစ်ကန့်နှင့်
ဝါဖန့်တစ်ခင်း၊ ဖြူတစ်ခင်းနှင့်
ရောင်ဆင်းစုံစွာ၊ သူ့နေရာနှင့်
ဝေဆာလန်းတင့်၊ နှစ်ပေါက်ပွင့်သည်
ဝင့်ထည်ဂုဏ်နှင့်သာတကား။

❖ *ကာလကြာလျှင်၊ ပန်းတို့ရင်၌*
အဆင်အသွေး၊ တူရာရွေး၍
စုဝေးနေမှု၊ အကြောင်းပြုကာ
သူ့ကို ကိုယ်စိမ်း၊ ကိုယ့်သူစိမ်းနှင့်
ယိမ်းယိုင်တွေဝေ၊ သွေးကွဲလေပြီ
အနေနီးလျက်ဝေးတကား။

❖ *ဩော်-အခင်းမတူ၊ ဆင်းမတူ၍*
တစ်မူတစ်ဟန်၊ ခွဲမကြံသင့်
တစ်ခြံတည်းနေ၊ တစ်မြေတည်းပေါက်
တစ်ရေသောက်ရင်း၊ ညွှန့်ညှောက်ရှင်သန်
မျိုးနွယ်မှန်သည့်၊ ဆူးရုံနှင်းဆီ
တစ်နာမည်မို့
နှောင်ညီသွေးချင်းပါတကား။
စိတ်ဝမ်း မသွေ မကွဲပြား။
လက်ချင်းခိုင်ခိုင် ချိတ်ဆက်ထား။ ။

ကို(တက္ကသိုလ်)

ချောင်းဆုံမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ မွန်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၇

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် ဩဂုတ် ၂၄ ရက် နံနက်ပိုင်းတွင် ချောင်းဆုံမြို့နယ် ကော့မုပွန်ကျေးရွာသို့ ရောက်ရှိပြီး တောင်သူဦးကျော်မြင့်၏ လယ်မြေ၌ စပါးပင်များဖျက်ဆီးသည့် ခရုကောင်များအား ကျေးရွာသူ ကျေးရွာသား များ စုပေါင်း၍ ကောက်ယူနေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရုများ အခြားလယ်မြေများသို့ ပြန့်ပွားခြင်းမရှိအောင် အမြန် ရှင်းလင်းရေး၊ ပျက်စီးသွားသော စပါးများအား အမြန်ဖာထေးစိုက်ပျိုးသွားရေးတို့ကို မှာကြားသည်။

မှာကြား

ထို့နောက် မုဒွန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ နိုင်ငံတော်က ခွင့်ပြုငွေကျပ် ၄၂၃ သိန်းဖြင့် အသစ်ဆောက်လုပ်နေသည့် အလျားပေ ၁၂၀၊ အနံပေ ၃၀ သစ်သား အုတ်ညှပ် တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ကြီးရုံးခန်း၌ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် ကညော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၌ အလျား ၁၃၈ ပေ၊ အနံပေ ၃၀၊ RC နှစ်ထပ်တိုးချဲ့ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာတိုက်ကျောင်းဓမ္မာရုံ၌ ကျေးရွာသူ ကျေးရွာသားများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြိုးစားဆောင်ရွက်ကြရေး၊ ဆင်းရဲမှုလျှော့နည်းပပျောက်ရေး ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကညော်တိုက်နယ်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေကြသော လူနာများအား ကြည့်ရှုအားပေးကာ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တောင်စွန်းကျေးရွာ စံပြဧက ၂၀၀ ၌ ရွှေတစ်ဆုပ်စပါး အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများအား အထွက်ကောင်း မျိုးကောင်းမျိုးသန့်စိုက်ပျိုးရေး၊ ဒေသနှင့်ကိုက်ညီပြီး ဈေးနှုန်းကောင်းသည့် စပါးမျိုးများ တိုးချဲ့စိုက်ပျိုးရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒရယ်ကျေးရွာ ကျေးလက်ကျန်းမာရေး ဌာနခွဲ၌ နိုင်ငံတော်ကပေးအပ်သည့် သားဖွားခန်းသုံးပစ္စည်းများ ရောက်ရှိမှုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ တိုးချဲ့ဆောက်လုပ်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒရယ်-ကလို့ ကျေးရွာချင်းဆက် ကွန်ကရစ်ဘီးလမ်း (Wheel Track) ဖောက်လုပ်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြောက်ပိုင်းဒေသများ မိုးလျော့နည်းနိုင်

နေပြည်တော် ဩဂုတ် ၂၇

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးလျော့နည်းနိုင်သည်။

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၇-၈-၂၀၁၁

နေပြည်တော် (ရေဆင်း)
၄ ဒသမ ၁၃ လက်မ
လောင်းလုံမြို့
၈ ဒသမ ၀၅ လက်မ
ကျိုက်မရောမြို့
၇ ဒသမ ၂၇ လက်မ
ရေးမြို့
၆ ဒသမ ၃၀ လက်မ
ပခုက္ကူမြို့
၅ ဒသမ ၆၄ လက်မ
ထားဝယ်မြို့
၅ ဒသမ ၄၇ လက်မ
ကော့ကရိတ်မြို့
၄ ဒသမ ၉၂ လက်မ
မော်လမြိုင်မြို့
၄ ဒသမ ၄၉ လက်မ

◆ *ရှေ့ဖုံးမှ*

ဖြစ်သကဲ့သို့ လျှပ်စစ်ဓာတ်အားကိုလည်း အကျိုးရှိစွာ သုံးစွဲနိုင်ကြပြီဖြစ်သည်။

အလားတူ စစ်တောင်းမြစ်ဝှမ်းဒေသတွင်လည်း ရရှိနိုင်သည့် ရေအားအရင်းအမြစ်များကို အသုံးချ၍ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့် စီမံကိန်းကြီး (၁၃)ခုရှိသည်။ ယင်းစီမံကိန်းကြီးများမှာ ဓာတ်အား ၃၅၅ မဂ္ဂါဝပ် ထုတ်လုပ်ပေးနေသည့် တည်ဆောက်ပြီး စီမံကိန်း လေးခု၊ ၄၇၅ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည့် တည်ဆောက်ဆဲ စီမံကိန်းခြောက်ခုနှင့် ၄၁၀ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည့် တည်ဆောက်ရန် လျာထားသော စီမံကိန်း သုံးခုတို့ဖြစ်သည်။

အကျယ်တဝင့် ဖော်ပြရလျှင် တည်ဆောက်ပြီးစီမံကိန်းများမှာ ၂၈၀ မဂ္ဂါဝပ်ရှိ ပေါင်းလောင်း စီမံကိန်း၊ ၃၀ မဂ္ဂါဝပ်ရှိ ခပေါင်းစီမံကိန်း၊ ၂၅ မဂ္ဂါဝပ်ရှိ ရဲနွယ်စီမံကိန်းနှင့် မဂ္ဂါဝပ် ၂၀ ရှိ ဇောင်းတူစီမံကိန်းတို့ ဖြစ်သည်။ တည်ဆောက်ဆဲ စီမံကိန်းများမှာ အထက်ပေါင်းလောင်း ၁၄၀ မဂ္ဂါဝပ်၊ နန်ချို ၄၀ မဂ္ဂါဝပ်၊ သောက်ရေခပ်(၂) ၁၂၀ မဂ္ဂါဝပ်၊ ရွှေကျင် ၇၅ မဂ္ဂါဝပ်၊ ဖြူးချောင်း ၄၀ မဂ္ဂါဝပ်နှင့် ကွန်းချောင်း ၆၀ မဂ္ဂါဝပ်တို့ဖြစ်သည်။ တည်ဆောက်ရန်လျာထားသည့် စီမံကိန်းကြီးများမှာ အလယ်ပေါင်းလောင်း ၁၀၀ မဂ္ဂါဝပ်၊ သောက်ရေခပ်(၁) ၁၅၀ မဂ္ဂါဝပ်နှင့် ဘောဂတ ၁၆၀ မဂ္ဂါဝပ် တို့ဖြစ်သည်။ စီမံကိန်းစုစုပေါင်း၏ ဓာတ်အား ထုတ်လုပ်နိုင်မှုပမာဏမှာ ၁၂၄၀ မဂ္ဂါဝပ်ဖြစ်သည်။

စီမံကိန်းများအနက် သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းသို့ မကြာမီက သွားရောက်လေ့လာခွင့်ရခဲ့သည်။ စီမံကိန်းကား တောင်ငူမြို့၏ အရှေ့ဘက် ၁၄ မိုင်ခန့်အကွာရှိ သောက်ရေခပ်ချောင်းပေါ်၌ တည်ရှိသည်။ စီမံကိန်းကို ရွှေစွမ်းအင်ကုမ္ပဏီလီမိတက်က BOT စနစ်ဖြင့် တည်ဆောက်နေခြင်း ဖြစ်သည်။

ရည်ရွယ်ဆောင်ရွက်

တည်ဆောက်မှုနှင့် ပတ်သက်၍ ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးအား မေးမြန်းကြည့်ရာ စီမံကိန်းမှာ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၁၂၀ ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းကြီးဖြစ်ကြောင်း၊ **စီမံကိန်းမှထွက်ရှိမည့် ဓာတ်အားကို နိုင်ငံတော်ဓာတ်အား ကွန်ရက်မှတစ်ဆင့် ဖြန့်ဖြူးပေးနိုင်ရေး၊ စစ်တောင်းမြစ်ဝှမ်း လွင်ပြင် ရေလွှမ်းမိုးမှုမှ ကာကွယ်နိုင်ရေးနှင့် လွတ်လပ်ပွင့်လင်းသော ဈေးကွက်စီးပွားရေးစနစ်၌ တိုင်းရင်းသားပိုင် ပုဂ္ဂလိကကုမ္ပဏီမှ ဓာတ်အား ထုတ်လုပ်ပေးနိုင်ရေး**တို့ကို ရည်ရွယ်ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း ပြောကြားပြီး စီမံကိန်းလုပ်ငန်းများ အခြေအနေကို လိုက်လံရှင်းလင်းပြသသည်။

စီမံကိန်းတည်ဆောက်နေသည့် သောက်ရေခပ်ချောင်းမှာ ရေဆင်းဧရိယာ ၈၄၀ စတုရန်းမိုင်ရှိပြီး နှစ်စဉ် ပျမ်းမျှစီးဝင်ရေမှာ ဧကပေ ၃၃၉၀၀၀၀ ရှိသည်။ ကန်ရေပြည့် ရေလှောင်တမံ ပမာဏမှာ ဧကပေ ၃၆၀၀၀၀ ဖြစ်သည်။

စီမံကိန်းတွင် ပင်မတမံ၊ ကုန်းကြောတမံ၊ ရေပိုလွှဲ၊ ရေလွှဲဥမင်လိုဏ်၊ ရေသွယ်ဥမင်လိုဏ်၊ ရေယူအဆောက်အအုံ၊ ဖိအားမြင့်သံမဏိပိုက်လိုင်း၊ ဓာတ်အားပေးစက်ရုံနှင့် ဆွစ်ယာဒ် စသည့် အဓိကရေအားလျှပ်စစ်အဆောက်အအုံများကို တည်ဆောက်လျက်ရှိသည်။

မနေမနား

ပင်မတမံမှာ CFRD (Concrete Faced Rock Fill Dam) တမံ အမျိုးအစားဖြစ်ပြီး တမံအလျား ၁၂၅၃ ပေနှင့် အမြင့် ၃၀၈ ပေရှိသည်။ လုပ်ငန်းပမာဏ၏ ၃၈ ဒသမ ၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ ကုန်းကြောတမံ သုံးခုတည်ဆောက်ရာတွင် နှစ်ခုမှာ ရာနှုန်းပြည့်ပြီးစီးသွားပြီ ဖြစ်သည်။ ကျန်ကုန်းကြောတမံတစ်ခုမှာလည်း ၄၀ ရာခိုင်နှုန်းပြီးစီးနေပေပြီ။ ရေပိုလွှဲတွင် ရေတံခါးတပ်ရေပိုလွှဲ ငါးခု ပါရှိမည်ဖြစ်ပြီး ရေထုစီးနှုန်းမှာ ၂၃၈၈၀၀ ကုဗပေ/စက္ကန့်ရှိသည်။ အချင်း ၃၄ ဒသမ ၅ ပေ၊ အရှည် ၁၇၄၂ ပေ ရှိသည့် ရေလွှဲဥမင်လိုဏ်မှာမူ တည်ဆောက်ပြီးစီးသွားပြီဖြစ်ပြီး ၂၀၁၀ ခုနှစ် အောက်တိုဘာ ၁၀ ရက်ကစ၍ ရေလွှဲနိုင်ခဲ့ကြောင်း သိရှိရသည်။ ရေလွှဲဥမင်လိုဏ်ကိုမူ တည်ဆောက်နေဆဲဖြစ်ပြီး ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဟုဆိုသည်။ ခြုံ၍ဆိုရလျှင် စီမံကိန်းတစ်ခုလုံး၏ ၄၈ ဒသမ ၆၇ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပြီး သတ်မှတ်ကာလအတွင်း စီမံကိန်းတစ်ခုလုံးပြီးစီးရေးအတွက် ပညာရှင်များ၊ စက်ယန္တရားများဖြင့် မနေမနား ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရသည်။ စီမံကိန်းရှိ ရေအားလျှပ်စစ်စက်ရုံမှ ၄၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သည့် ဒေါင်လိုက်ဖရန်စစ်တာဘိုင် စက်သုံးလုံးဖြင့် စုစုပေါင်း ၁၂၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး နှစ်စဉ် ပျမ်းမျှထုတ်လုပ်မည့်ဓာတ်အားမှာ ကီလိုဝပ်နာရီ သန်းပေါင်း ၆၀၄ သန်း ဖြစ်သည်။ စီမံကိန်းကို ၂၀၀၈ ခုနှစ်က စတင်ခဲ့ပြီး၂၀၁၂ ခုနှစ်တွင် ပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိသည်။

ဓာတ်အားများပို့လွှတ်မည်

ယင်းရေအားလျှပ်စစ် စက်ရုံမှ ထွက်ရှိလာမည့် ဓာတ်အားများကို ဖြန့်ဖြူးနိုင်ရန်အတွက် အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ စီမံကိန်းနှင့် တောင်ငူပင်မဓာတ်အားခွဲရုံကို ဆက်သွယ်ပေးမည့် အရှည် ၁၂ ဒသမ ၃၆ မိုင်ရှိ သောက်ရေခပ်(၂) တောင်ငူ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းကို တည်ဆောက်မည်ဖြစ်ပြီး တောင်ငူ ပင်မဓာတ်အားခွဲရုံမှတစ်ဆင့် မဟာဓာတ်အားလိုင်းစနစ်သို့ ဓာတ်အားများ ပို့လွှတ်မည်ဖြစ်သည်။ ယင်းနောက် ဒေသတွင်း ဓာတ်အားဖြန့်ဖြူးရေး လိုင်းများမှတစ်ဆင့် နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ ဆက်လက်ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း သိရှိရသည်။ စီမံကိန်းမှ ၁၂၀ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည်ဖြစ်ရာ နေပြည်တော်သို့ ၇၄ မဂ္ဂါဝပ်၊ တောင်ငူခရိုင်သို့ ၂၁ ဒသမ ၉ မဂ္ဂါဝပ်နှင့် ပဲခူးခရိုင်သို့ ၂၉ မဂ္ဂါဝပ် ဖြန့်ဖြူးသွားရန် စီစဉ်ထားသည်။ ယင်းသို့ ဓာတ်အားဖြန့်ဖြူးနိုင်ရန်အတွက် သောက်ရေခပ် (၂) တောင်ငူ မဟာဓာတ်အားလိုင်း အပြင် တောင်ငူ ပင်မဓာတ်အားခွဲရုံ၌လည်း Switch Bay တစ်ခု တိုးချဲ့ တပ်ဆင်ရမည်ဖြစ်သည်။

အဆိုပါ သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းကြီးမှာ လျှပ်စစ်ကဏ္ဍတွင် ပုဂ္ဂလိကသို့ BOT စနစ်ဖြင့် ဆောင်ရွက်ရန် ပထမဆုံးတာဝန်ပေးအပ်သည့် စီမံကိန်းကြီးဖြစ်သည်။ နောင်တွင်လည်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများကို ပုဂ္ဂလိကသို့ လုပ်ကိုင်ခွင့်များ ပေးအပ်ရန် ရှိလာမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များ အနေဖြင့်လည်း သက်ဆိုင်ရာဒေသအတွင်း တစ်ပိုင်တစ်နိုင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းများကို ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

စံနမူနာပြ

သို့ဖြစ်ရာ သောက်ရေခပ် (၂) စီမံကိန်းကြီးမှာ နောင်ဖြစ်ပေါ်လာမည့် စီမံကိန်းများအတွက် ရှေ့ပြေး ပုဂ္ဂလိက စီမံကိန်းကြီးတစ်ခု ဖြစ်လာမည်ဖြစ်သည်။ စီမံကိန်းတည်ဆောက်မှု ကုန်ကျစရိတ် ပိုမိုလာသည်နှင့်အမျှ ဓာတ်အားခလည်း တိုးမြှင့်လာနိုင်သည့်အတွက် ထုတ်လုပ်မှုကုန်ကျစရိတ်ကို ထိန်း၍ ဓာတ်အားခတန်ဖိုး လျော့ကျအောင် ဆောင်ရွက်ရေး၊ ထို့အတူ ဓာတ်အားပို့လွှတ်ရာတွင်လည်း ဓာတ်အားလျော့နည်းပျောက်ဆုံးမှု နည်းနိုင်သမျှနည်းအောင် စီမံဆောင်ရွက်ရေးတို့ကို အလေးထား ဆောင်ရွက်လျက်ရှိသည်။ နောင်တွင် လျှပ်စစ်ကဏ္ဍ၌ ပုဂ္ဂလိကကဏ္ဍ ပါဝင်လုပ်ကိုင်မှု အခွင့်အလမ်းများ ရရှိလာနိုင်မည်ဖြစ်၍ ဤစီမံကိန်းကြီးကို စံနမူနာပြ စီမံကိန်းကြီးအဖြစ် အတုယူလေ့လာနိုင်အောင် စီမံကိန်းလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်း၏ ပင်မတမံ တည်ဆောက်နေမှုကို တွေ့ရစဉ်။



သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်း၏ ရေပိုလွှဲ တည်ဆောက်နေမှုကို တွေ့ရစဉ်။



ရေလွှဲဥမင်လိုဏ်အတွက်

သောက်ရေခပ်(၂) ရေအား လျှပ်စစ်စီမံကိန်း၏ ရေလွှဲဥမင်လိုဏ် အထွက်ကို တွေ့ရစဉ်။

၆၂ ရက်သား ရတနာ့တိုးစပါး သန်လျင်၌စိုက်ပျိုးအောင်မြင်

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အလွမ်းဆွတ်ကျေးရွာအုပ်စု ကွင်းအမှတ် (၆၆၀-N) ဦးပိုင်အမှတ် (၅)ရှိ တောင်သူ ဦးဌေးဝင်း၏စပါးစိုက်ခင်း ၁၀ဧကတွင် သိပ္ပံနည်းကျစိုက်ပျိုးထားရှိသည့် တောင်သူပညာပေး ရတနာ့တိုး အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ အနီးအနားကျေးရွာများမှ တောင်သူလယ်သမားများ လာရောက်လေ့လာကြသည်။ **(ယာပုံ)**

အဆိုပါ လေ့လာသည့်တောင်သူများအား ဆည်မြောင်းဦးစီးဌာန တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဦးကံညွန့်နှင့်ဝန်ထမ်းများက စိုက်ကွက်များ စနစ်တကျဖြစ်လာစေရန် လယ်ယာမြေ ပြုပြင်ဆောင်ရွက်ခဲ့မှုနှင့် ရေသွင်းရေထုတ်မြောင်းများ စနစ်တကျဆောင်ရွက်ထားရှိရေးတို့ကို ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းဒေသကြီး မန်နေဂျာ ဦးတင်အောင်ဝင်းက ပေါင်စနစ်ဖြင့် ပျိုးထောင်ခြင်း၏ အားသာချက်နှင့် စပါးအထွက်တင်း ၁၀၀အထက်ထွက်ရှိရေးအတွက် လိုက်နာဆောင်ရွက်ရမည့် သိပ္ပံနည်းကျ (၁၄)ချက်ကို ရှင်းလင်းပြောကြားသည်။

တောင်သူ ဦးဌေးဝင်းကလည်း မိမိကိုယ်တွေ့ဆောင်ရွက်ခဲ့သည့် စိုက်ပျိုးမှုအတွေ့အကြုံများကို ရှင်းလင်းပြောကြားခဲ့ပြီး တောင်သူများက ပျမ်းမျှပင်ပွား ၁၂ပင် ရှိသည့် အသက် ရက်သား ၆၂ရက်သာ သက်တမ်းရှိမည့် ရတနာ့တိုးစပါးစိုက်ခင်းကို စိတ်ဝင်တစား လေ့လာခဲ့ကြကြောင်း သိရှိရသည်။ **(တိုင်းဒေသကြီးစိုက်ပျိုးရေး)**

ဟသ်ာတခရိုင်၌ ဥပဒေအရာရှိများတွေ့ဆုံ

ဟသ်ာတ ဩဂုတ် ၂၇

ဟသ်ာတခရိုင်အတွင်းရှိ ဥပဒေအရာရှိများနှင့်တွေ့ဆုံပွဲကို ဩဂုတ် ၁၃ ရက်က ဟသ်ာတခရိုင် ဥပဒေရုံးတွင်ကျင်းပရာ အခမ်းအနားတွင် တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးမြသန်းနှင့် ဟသ်ာတခရိုင် ဥပဒေအရာရှိ ဦးကျင်ဦးတို့က ခရိုင်အတွင်း ဥပဒေရေးရာလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြီး ဟသ်ာတ၊ ဇလွန်၊ လေးမျက်နှာ၊ အင်္ဂပူ၊ မြန်အောင်နှင့် ကြံခင်းမြို့နယ်များမှ မြို့နယ်ဥပဒေအရာရှိများက မြို့နယ်အလိုက် လုပ်ငန်းများဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။ (ဝ၇၅)

အမျိုးသမီးနှင့်ကလေးကျန်းမာရေး မှော်ဘီမြို့နယ်၌ ရှင်းလင်းဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျန်းမာရေးဦးစီးဌာနက အမျိုးသမီးနှင့် ကလေးကျန်းမာဖွံ့ဖြိုးရေးလုပ်ငန်း အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး ရှင်းလင်းဆွေးနွေးပွဲကို မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။ **(အောက်ပုံ)**

ဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးကျော်ငြိမ်းနှင့် ကျန်းမာရေးမှူးအဆင့်(၁)ဦးမြင့်စိုးတို့က အမျိုးသမီးများနှင့် ကလေးများ ကျန်းမာရေးဆိုင်ရာသိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင် အသင်းဝင်များ ကိုရီးယားသမ္မတနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၇

ASEAN- Korea Center မှ ကြီးမှူး၍ ကိုရီးယားသမ္မတနိုင်ငံတွင် ဩဂုတ် ၂၂ ရက်မှ ၂၉ ရက်အထိ ကျင်းပလျက်ရှိသည့် Korea International Furniture and Interior Fair-2011 ပြပွဲသို့တက်ရောက်ရန် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း ဒုတိယ ဥက္ကဋ္ဌ ဦးနေထွန်းမင်းနှင့် ပရိဘောဂပြပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသိန်းတို့ဦးဆောင်သော ၃၁ ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၂ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအောင်နိုင်ဦး၊ ဦးမင်းသော်ကောင်းနှင့် အမှုဆောင်အရာရှိ ဦးထင်ကျော်တို့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်အသင်းဝင်များသည် ကိုရီးယားသမ္မတနိုင်ငံတွင် သစ်နှင့်ပြုလုပ်သော ပရိဘောဂပစ္စည်းများ၊ အိမ်သုံး ပရိဘောဂလုပ်ငန်းများအား သွားရောက်လေ့လာကြမည်ဖြစ်ပြီး Korea Importers Association (KOIMA) နှင့် Korea Federation of Furniture Industry Cooperation (KFFIC) တို့နှင့်လည်း တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း သိရှိရသည်။ **(သစ်လုပ်ငန်းအဖွဲ့ချုပ်)**

သံဖြူဇရပ်မြို့တွင် ဝက်မွေးမြူသူများ အစုအဖွဲ့ဖွဲ့စည်း

သံဖြူဇရပ် ဩဂုတ် ၂၇

သံဖြူဇရပ်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ညှိနှိုင်းစီစဉ်မှုဖြင့် ဝက်မွေးမြူသူများအစုအဖွဲ့ ဖွဲ့စည်းခြင်းကို ဩဂုတ် ၁၁ ရက်က သံဖြူဇရပ်မြို့ ကျောင်းဝိုင်းရပ်ကွက်တွင် ကျင်းပရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာ မင်းငွေထွန်းနှင့် ဒုတိယဦးစီးမှူး ဒေါက်တာ သက်စိုးလွင်တို့က အဆိုပါဝက်မွေးမြူသူများ အစုအဖွဲ့ကို အဖွဲ့ဝင် ၁၆ ဦးနှင့် ဖွဲ့စည်းပေးခဲ့သည်။

ပေးအပ်

ထို့နောက် အဖွဲ့ဝင်အဆိုပြုလွှာများကိုစုပေါင်း၍ မြို့နယ်ဦးစီးမှူးထံ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပန်းတောင်းမြို့နယ်၌ ဓာတ်အားခွဲရုံ တည်ဆောက်

ပန်းတောင်း ဩဂုတ် ၂၇

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်တွင် နိုင်ငံတော်ဓာတ်အားပေးစနစ်အရ ဓာတ်အားဖြန့်ဖြူးရေး Voltage Level ဖြစ်သော 11000 V ရရှိရန် 6600 V ဖြင့် ဓာတ်အားပေးနေသောပန်းတောင်းမြို့နှင့် ဥသျှစ်ပင်မြို့များတွင်က 66/11 KV ဓာတ်အားခွဲရုံတည်ဆောက်ခြင်းကို ဩဂုတ် ၁၅ ရက်က ပဲခူးတိုင်းဒေသကြီး တိုင်းလျှပ်စစ်အင်ဂျင်နီယာ ဦးကျော်သူ ဦးစီး၍ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့်ဝန်ထမ်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပုသိမ်၌ စပါးခင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်

ပုသိမ် ဩဂုတ် ၂၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ်ပါ တစ်ပိုင်တစ်နိုင် ဟင်းစားဖူလုံမှုအတွက် ပုသိမ်မြို့ အမှတ်(၈)ရပ်ကွက်၊ အမှတ်(၁၅)ရပ်ကွက်နှင့် ပေါက်ကုန်းကျေးရွာများရှိ တောင်သူလယ်သမား ၄၅ ဦး၏ လယ်ဧက ၂၅၄ဧက အတွင်း ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၁၀၀၀၀၀၊ ရွှေဝါငါးကြင်းကောင်ရေ ၂၄၀၀၀၊ တီလားပီးယားကောင်ရေ ၃၀၀၀ စုစုပေါင်း ငါးကောင်ရေ ၁၂၇၀၀၀ ကို ပုသိမ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ၊ တောင်သူများက ငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)(ခရိုင် ပြန်/ဆက်)**

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန အာစရိယပူဇော်ပွဲကျင်းပရေးညှိနှိုင်းစည်းဝေး

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ၁၉၈၂ မှ ၁၉၈၈ (၉၁) ပညာသင်နှစ် ဥပဒေဘွဲ့ရ ကျောင်းသား ကျောင်းသူများ၏ ၂၀၁၁ ခုနှစ် စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအတွက် ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေပဒေသာကျွန်း Dolphin စားသောက်ဆိုင်ခန်းမ၌ကျင်းပရာ အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးဘတင့်ဆွေက အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ ဖြစ်မြောက်ရေးအဖွဲ့အတွင်းရေးမှူး ဦးခင်မောင်မြင့်နှင့် ဘဏ္ဍာရေးကော်မတီဝင် ဒေါ်မေထွဏ်းထွဏ်းအေးတို့က အာစရိယပူဇော်ပွဲကျင်းပရေး အစီအစဉ်များ၊ အလှူငွေထည့်ဝင်ရေးကိစ္စများကို ဆွေးနွေးကြသည်။ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၇

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ဂေါက်သီးရိုက်အဖွဲ့သည် ဂေါက်သီးရိုက်ပြိုင်ပွဲကိုလစဉ်ကျင်းပလျက်ရှိရာ ဩဂုတ်လ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဩဂုတ် ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် သန်လျင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သဖြင့် အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရှိရသည်။ **(ဆရာဝန်အသင်း)**

ညောင်ဦး၌ ဆိတ်မွေးမြူသူများ အစုအဖွဲ့ ဖွဲ့စည်း

ညောင်ဦး ဩဂုတ် ၂၇

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး အကောင်အထည်ဖော်ဆောင်မှုလုပ်ငန်းစဉ် (၈)ရပ်နှင့် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်သည့် ပညာပေးဆွေးနွေးပွဲကို ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာအုပ်စု ခွေးပြုတ်ကျေးရွာတွင် ဩဂုတ် ၁၈ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ အဆိုပါဆွေးနွေးပွဲတွင် ညောင်ဦးမြို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာမြနှင်းထွေးက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ်(၈)ရပ်နှင့်တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းကို ရှင်းလင်းဆွေးနွေးပြီး ဆိတ်မွေးမြူသူများ အစုအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လှိုင်မြို့နယ်၌ ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၇

လှိုင်မြို့နယ်အတွင်းရှိ နာတာရှည်ဝေဒနာရှင်များအတွက် ပြည်သူလူထု အခြေပြု အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီက လှိုင်မြို့နယ် အလက (၄) မြတ်ပညာခန်းမ၌ကျင်းပရာ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဌေးဌေးလှိုင်ကလုပ်ငန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ သက်ဆိုင်ရာဆရာဝန်ကြီးများနှင့် တိုင်းရင်းဆေးမှူးတို့က တီဘီရောဂါ၊ အနာကြီးရောဂါ၊ ခုခံကျ/ကာလသားရောဂါ၊ တုပ်ကွေးရောဂါအကြောင်းတို့ကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဒုတိယတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်သီရိနွယ်၊ ဒေါက်တာဒေါ်ယဉ်သန္တာလွင်၊ တိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာဒေါ်တင်မိမိခိုင်၊ တိုင်းဒေသကြီး ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးဆရာဝန်ကြီး ဒေါက်တာမျိုးသန့်၊ တိုင်းဒေသကြီးအနာကြီးရောဂါတိုက်ဖျက်ရေးဆရာဝန်ကြီး ဒေါက်တာသန်းဝင်း၊ တိုင်းရင်းဆေးပညာဌာနမှ ခရိုင်တိုင်းရင်းဆေးမှူး ဒေါ်သိန်းသိန်းဦး၊ ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ကြည်နှင့် ကျန်းမာရေး ဝန်ထမ်းများက မြို့နယ်အတွင်းရှိ နာတာရှည်ဝေဒနာရှင်များအား အိမ်တိုင်ရာရောက် ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ပြင်စလူ၌ ဒီရေတောပင်များစုပေါင်းစိုက်ပျိုး

ပြင်စလူ ဩဂုတ် ၂၇

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် ပြင်စလူမြို့ ငါးလုပ်ငန်းဦးစီးဌာနမှ ရေသယံဇာတထိန်းသိမ်းရေးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဒီရေတောပင်များစုပေါင်းစိုက်ပျိုးပွဲကို ဩဂုတ် ၁၃ ရက်က ပြင်စလူမြစ်ကမ်းခြေ၌ကျင်းပရာ ပြင်စလူမြို့ ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းဝင်းအောင်က ဒီရေတောပင်များ စိုက်ပျိုးထိန်းသိမ်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

စုပေါင်းစိုက်ပျိုး

ထို့နောက် တက်ရောက်လာကြသောဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့်ရေလုပ်သားများက ဒီရေတောပင်များဖြစ်သည့် သမည့်ပင် ၇၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ်ငါးလုပ်ငန်းဦးစီး)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၃ ခုနှစ်၊ ဝါခေါင်လကွယ်နေ့ (ဥပုသ်နေ့)
၂၈-၈ -၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ ထူးမြတ်ပါသည့် ကမ္ဘာ့ဝိပဿနာစေတီ
- ၈း၂၅ ၆။ **၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) ဝါသနာရှင်(ပထမတန်း) အဆင့် (အမျိုးသမီး)**
- ၈း၄၀ ၇။ International News
- ၈း၄၅ ၈။ Inslands of Dhama (1)
- ၈း၅၀ ၉။ ဘဒ္ဒန္တဓမ္မာနန္ဒ (အဂ္ဂမဟာပဏ္ဍိတ) ဒုတိယဥက္ကဋ္ဌ ဆရာတော် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ စစ်ကိုင်းစာသင်တိုက် သဃ်န်းကျွန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလခံယူ ဆောက်တည်ခြင်း
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၁၁း၃၅ ၄။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၄၅ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရဲစုံထောက်ဘတ်ချောင်ဂွန်း** (အပိုင်း-၂)
- ၁၂း၄၅ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **ပါးပါးလေး** မိုးအောင်ရင်၊ နန္ဒာလှိုင် (ဒါရိုက်တာ-ဟိန်းစိုး)
- ၁၄း၀၀ ၇။ **၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) ဝါသနာရှင်(ဒုတိယတန်း) အဆင့် (အမျိုးသား)**
- ၁၄း၂၀ ၈။ နိုင်ငံဝင်ငွေတိုးတက်ဖွေရှာ ရေထဲကမြန်မာ့ပုလဲရတနာ
- ၁၄း၃၀ ၉။ ရောင်စုံရေးသီတေးပန်းချီ
- ၁၄း၄၅ ၁၀။ အတီးပြိုင်ပွဲ
- ၁၄း၅၀ ၁၁။ International News
- ၁၅း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၄၅ ၁။ **Myanmar National League MNL GRAND ROYAL CUP 2011 ဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (မကွေးအသင်းနှင့် ရတနာပုံအသင်း)**
- ၅း၄၅ ၂။ တေးဂီတအစီအစဉ်
- ၆း၀၀ ၃။ ညနေခင်းသတင်း
- ၆း၁၅ ၄။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၅။ ကာတွန်းအစီအစဉ် **ရေငုပ်သမားလေးအိုလီ** (အပိုင်း-၇)
- ၆း၄၀ ၆။ တစ်မျက်နှာ၊တစ်ကွက်စာ **မြဒါလီသူ့မှာချစ်သူရှိသည်** ဇေယျာ၊ ရန်နိုင်၊ ချစ်စု [ဒါရိုက်တာ-မေတင်(MMG)]
- ၇း၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **နတ်ရေးငယ်တဲ့ရွှေဖူးစာ** (အပိုင်း-၁၀)
- ၈း၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ)(အပိုင်း-၄၄)
- ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်မိလေသောရုပ်သံလွှင့်မှူး** (အပိုင်း-၄)
- ၁၃။ မင်းကွန်းဆရာတော်ကြီး၏ အရှပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ကွမ်းလုံမြို့နယ်၌ ကျင်းပ

ကွမ်းလုံ ဩဂုတ် ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကွမ်းလုံခရိုင် ကွမ်းလုံမြို့တွင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားကို ဩဂုတ် ၁၃ ရက် နံနက် ၁၀ နာရီက သံလွင်ဦးခန်းမ၌ကျင်းပရာ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုအထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲဆုရ ကျောင်းသားကျောင်းသူများအား ခရိုင်အုပ်ချုပ်ရေးမှူးဦးကျော်သက်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပြီး နို့တိုက်မိခင်ပြိုင်ပွဲ ဆုရမိခင်များအား ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်စံထားဖြူက ပေးအပ်ချီးမြှင့်ခဲ့သည်။ **(ဝဲပုံ)**

ထို့နောက် အသက်ငါးနှစ်အောက်ကလေးငယ်များကို တာဝန်ရှိသူများက ဗီတာမင်အေအားဆေးတိုက်ကျွေးခဲ့ပြီး ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်အားဆေးနှင့်ဗီတာမင်ဘီဝမ်းဆေးပြားများကိုပေးဝေခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

တောင်ဥက္ကလာပ၌ ချေးငွေများထုတ်ပေး

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်၌ ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်း ချေးငွေပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၂၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။ အခမ်းအနားတွင် ပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်း အုပ်ချုပ်မှုအဖွဲ့သို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်သိန်းက ချေးငွေကျပ် ၇၈၃၀၀၀၀ ကို ပေးအပ်ပြီးနောက် **(ယာပုံ)** ချေးငွေအစုအဖွဲ့ပေါင်း ၃၈ ဖွဲ့သို့ အသေးစားပုဂ္ဂလိက ချေးငွေများထုတ်ပေးခဲ့ကြောင်း သိရှိရသည်။ (ဝ၂၃)

မွေးနေ့အလှူ

မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမက (၄၆) တွင် ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ဩဂုတ် ၁၉ ရက်က ဦးမျိုးမြင့်ဦး-ဒေါ်မြနှင်းရည်တို့၏သား မောင်ဟိန်းထွန်းဇော်၏ မွေးနေ့အလှူအဖြစ် ကျောင်းသားကျောင်းသူများအား နို့သာဂူအာဟာရကျွေးမွေးလှူဒါန်းစဉ်။ (ပညာရေး)

ဓမ္မစကြာနှင့် အနတ္တလက္ခဏာသုတ် ရွတ်ဆိုပူဇော်

ရန်ကုန် ဩဂုတ် ၂၇

နယ်စပ်နှင့်တောင်တန်းဒေသထေရဝါဒဗုဒ္ဓဘာသာ ရန်ကုန်အရှေ့ပိုင်းခရိုင် သာသနာ့နုဂ္ဂဟအသင်းက ကြီးမှူးကျင်းပသော၂၀၁၁ခုနှစ် ဓမ္မစကြာနှင့်အနတ္တလက္ခဏာသုတ် ဒေသနာတော် ရွတ်ဆိုပူဇော်ပွဲ ဖွင့်ပွဲကို ဩဂုတ် ၄ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံစေတီတော် ဓမ္မဗိမာန်ကြီး၌ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်အရှေ့ပိုင်းခရိုင် သာသနာ့နုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ အတွင်းရေးမှူး ခရိုင်သာသနာရေးမှူး ဦးဉာဏ်ဌေးနှင့် ခရိုင်/မြို့နယ် အလုပ်အမှုဆောင်ကော်မတီဝင်များ၊ ခရိုင်အတွင်း မြို့နယ် ၁၄ မြို့နယ်မှ ဝတ်အသင်းအဖွဲ့များတက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(ခရိုင် သာသနာ့နုဂ္ဂဟအသင်း)

စာတည်းထံပေးစာများ

ရပ်ကွက်အတွင်းမှဝက်ခြံ ပြောင်းရွှေ့ပေးပါ

စာတည်းခင်ဗျား-

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်(၂၆)ရပ်ကွက် မြို့ဦးရိပ်မွန် ရာမညလမ်းရှိ အိမ်တစ်အိမ်တွင်ဝက်များကိုစီးပွားဖြစ် မွေးမြူ/ရောင်းချခြင်းများပြုလုပ်လျက်ရှိရာ ဝက်ခြံမှအနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့်ရပ်ကွက်အတွင်းမှ သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

(၂၆) ရပ်ကွက်သား

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးစေချင်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာတောင်ညွန့်ရပ်ကွက် မြယာကုန်းလမ်းတို တိုက်အမှတ် (၁၂၆) အဆောက်အအုံ၏ နောက်ဖေးလမ်းကြားမှ စည်းကမ်းမဲ့စွန့်ပစ်အမှိုက်များ ရေစီးမြောင်းထဲသို့ကျ၍ ရေမြောင်းများ ပိတ်ဆို့နေပြီး ရေဆိုးရေပုပ်များ မစီးဆင်းခြင်းကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးစိုးရိမ်သူ

ငရုတ်သီးမှုန့်နံ့ ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား-

ပဲခူးမြို့ ကြည်တော်ကုန်း ၄ လမ်းရှိ အိမ်တစ်အိမ်သည် နေ့ရောညပါ ငရုတ်သီးမှုန့်များ ကြိတ်နေသဖြင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့မခံနိုင်သူ

စပ်မျိုးပြောင်းဖူးမျိုးသစ်များ လယ်ဝေးမြို့၌ရိတ်သိမ်း

နေပြည်တော် ဩဂုတ် ၂၇

စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ တောင်သူစိုက်ကွက်များတွင် ရေဆင်းစပ်မျိုးပြောင်းဖူးမျိုးသစ်လေးမျိုး စိုက်ပျိုးရိတ်သိမ်းသရုပ်ပြပွဲကို ဩဂုတ် ၂၄ ရက် နံနက် ၈ နာရီက နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ရုံးပင်ကျေးရွာအုပ်စု ကွင်းအမှတ် (၁၇၃၄) တောင်သူ ဦးစိုးလင်း၏စိုက်ကွက်၌ကျင်းပရာ တာဝန်ရှိသူများက သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်နိုင်ရန်အတွက် စပ်မျိုးသီးနှံသုတေသနလုပ်ငန်းများ အရေးပါမှုနှင့် အထွက်နှုန်းအများဆုံးရရှိစေမည့် စိုက်ပျိုးနည်းစနစ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက အထွက်နှုန်းတင်း ၁၂၀ ကျော်ထွက်ရှိသော ရေဆင်းစပ်မျိုးပြောင်းဖူးများကို ရိတ်သိမ်းသရုပ်ပြခဲ့ကြောင်း သိရှိရသည်။ (ယာပုံ) *(မြို့နယ် ပြန်/ဆက်)*

[illegible]
ရွှေပြည်စုံအဆင့်မြင့်ဈေးသစ်ကြီးတွင် [illegible]
[illegible]
မင်္ဂလာဈေးသစ်ကြီးတွင် [illegible]
ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။
ဆက်သွယ်ရန်။ ၀၁-၂၀၅၅၇၇၇၊ ၀၁-၂၀၆၂၀၆ (လိုင်းခွဲ-၁၁၁၁)
မင်္ဂလာဈေးဝင်းအတွင်း။



နီလာ
[illegible]

အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ မှန်တန်းရပ်၊ နန်းတော်ရာစံပြကွက်သစ်နယ်မြေ(၄)နေ ဦးရွှေမြိုင်-ဒေါ်သိန်းမြတို့၏သမီး မစမ်းစမ်းဝင်း၏ အမည်မှန်မှာ မစမ်းစမ်းမွေး အမျိုးသားမှတ်ပုံတင်အမှတ် AMA-၁၂၅၀၇၈နှင့် နိုင်ငံသားမှတ်ပုံတင်အမှတ် ၉/အမရ (နိုင်)၀၁၀၀၉၄ ဖြစ်ပါသည်။

မစမ်းစမ်းမွေး

နိုင်ငံတကာ နိုင်ငံတကာ နိုင်ငံတကာ

မိုက်ကယ်ဂျက်ဆင် ဂုဏ်ပြုကပွဲ ကမ္ဘာကျော်အဆိုတော် ခရစ္စတီးနားသီဆိုမည်

လော့စ်အိန်ဂျလိစ် ဩဂုတ် ၂၇

ကမ္ဘာကျော်အဆိုတော် ခရစ္စတီးနားအဂွီလီရာ (Christina Aguilera) ဟာ လာမယ့် အောက်တိုဘာလအတွင်း ဗြိတိန်နိုင်ငံမှာ ကျင်းပမယ့် မိုက်ကယ်ဂျက်ဆင် ဂုဏ်ပြုကပွဲမှာ ပါဝင်သီဆိုမှာဖြစ်ကြောင်း ကပွဲကျင်းပသူများက ပြောပါတယ်။ ***(ယာပုံ)***

မိုက်ကယ်ဂျက်ဆင်ဂုဏ်ပြုကပွဲမှာ ကမ္ဘာတစ်ဝန်းက နာမည်ကြီး ပေ့ါပ်အဆိုတော်တွေနဲ့ တီးဝိုင်းတွေလည်း ပါဝင်ဖျော်ဖြေမယ်လို့ သိရပါတယ်။ ကမ္ဘာကျော်တွေ ပါဝင်သီဆိုမယ့် ဒီဂုဏ်ပြုပွဲကိုတော့ ဗြိတိန်နိုင်ငံ ဝေလပြည်နယ် ကာဒစ်အားကစားကွင်းကြီးမှာ လာမယ့် အောက်တိုဘာ ၈ ရက် ညချမ်းမှာကျင်းပမယ်လို့ ကြေညာထားပါတယ်။ ဒီကပွဲမှာ မိုက်ကယ်ဂျက်ဆင်ရဲ့မိခင်ဖြစ်တဲ့ ကက်သရင်းနဲ့ညီအစ်ကို မောင်နှမတွေလည်း တက်ရောက်ကြမှာ ဖြစ်ပါတယ်။ မိုက်ကယ်ဂျက်ဆင်ဟာ ၂၀၀၉ ခုနှစ် ဇွန် ၂၅ ရက်က ကွယ်လွန်ခဲ့ပြီဖြစ်ပါတယ်။ သူဟာ ပေ့ါပ်ဂီတကို ဆန်းသစ်စေခဲ့တဲ့သူပါ။ သူ့ရဲ့ သီဆိုပုံ၊ သီဆိုဟန်နဲ့ကကွက်တွေက ယနေ့ဂီတလောကမှာ ရေပန်းစားနေဆဲပါ။ မျိုးဆက်သစ်အဆိုတော်တွေက စံနမူနာပြုရတဲ့ ပေ့ါပ်အဆိုတော်ကြီးအဖြစ် သတ်မှတ်နေဆဲပါ။ ဒါကြောင့်လည်း မိုက်ကယ်ဂျက်ဆင် ဂုဏ်ပြုသီဆိုပွဲကြီးကို ခမ်းခမ်းနားနားကျင်းပဖို့ စီစဉ်နေကြတာဖြစ်ပါတယ်။

(အင်တာနက်)

[illegible]

ကောင်းမြတ်သူ - စုစည်းသည်

လော့စ်အိန်ဂျလိစ် ဩဂုတ် ၂၇

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်တာဘာဘရာမြို့သူ ကမ္ဘာကျော် ပေ့ါပ်အဆိုတော် ကာတီပါရီ (Katy Perry) ရဲ့ Last Friday Night လို့ အမည်ရတဲ့ တေးအယ်လ်ဘမ်ဟာ အမေရိကန် အရောင်းရဆုံးတေးအယ်လ်ဘမ်စာရင်းမှာ နံပါတ်တစ်နေရာကို ရောက်ရှိခဲ့ပါတယ်။ *(အပေါ်ပုံ)*

သူမဟာ ၂၀၀၈ ခုနှစ်ကစပြီး အယ်လ်ဘမ်ငါးခု ဆက်တိုက်ထွက်ရှိခဲ့ပါတယ်။ ဒီအယ်လ်ဘမ်ငါးခုစလုံးဟာ အမေရိကန် အရောင်းရဆုံး တေးအယ်လ်ဘမ်စာရင်းမှာ နံပါတ်တစ်နေရာတွေချည်း ရောက်ရှိခဲ့ပါတယ်။ ယခုလောလောဆယ် ထွက်ရှိလာတဲ့ အယ်လ်ဘမ်ကတော့ Last Friday Night လို့ အမည်ရပါတယ်။ အတော်လူကြိုက်များတဲ့ တေးအယ်လ်ဘမ်လို့ သိရပါတယ်။

စွဲငြိစေခဲ့

ကာတီပါရီထွက်ရှိခဲ့တဲ့ တေးအယ်လ်ဘမ်တွေကတော့ Teenage Dream, Firework နဲ့ E.T လို့ အမည်ရတဲ့ တေးအယ်လ်ဘမ်တွေ ဖြစ်ပါတယ်။ ဒီတေးအယ်လ်ဘမ်တွေဟာလည်း ပရိသတ်တွေကို စွဲငြိစေခဲ့တယ်လို့ သိရပါတယ်။

အဆိုတော် မိုက်ကယ်ဂျက်ဆင်ရဲ့ ၁၉၈၇ ခုနှစ်က Bad လို့ အမည်ရတဲ့ တေးအယ်လ်ဘမ်ဟာ အမေရိကန်အရောင်းရဆုံး တေးအယ်လ်ဘမ်စာရင်း Billboard Hot 100 မှာ နံပါတ်တစ်အရောင်းရဆုံး တေးအယ်လ်ဘမ်အဖြစ် အကြာဆုံးစံချိန်ကို ချိုးနိုင်ခဲ့ပါတယ်။ ယခု ယင်းစံချိန်ကို ကာတီပါရီက ချိုးနိုင်ခဲ့ပါပြီ။ သူမရဲ့ တစ်ကိုယ်တော် တေးအယ်လ်ဘမ်ဖြစ်တဲ့ Last Friday Night တေးအယ်လ်ဘမ်ဟာ ၁၈ ပတ်ဆက်တိုက် နံပါတ်တစ်အရောင်းရဆုံး တေးအယ်လ်ဘမ်ဖြစ်ခဲ့ပါတယ်။

(အင်တာနက်)

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဆေးဘက်ဆိုင်ရာ သင်တန်းပို့ချမည်

ရန်ကုန် ဩဂုတ် ၂၇

မြန်မာနိုင်ငံဆရာဝန်အသင်း Programme Management Department ကကြီးမှူး၍ Leadership and Management For Medical Professionals (Level-II) သင်တန်းကို စက်တင်ဘာ ၅ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းကာလမှာ တစ်ပတ်လျှင်နှစ်ရက် (တနင်္လာ-အင်္ဂါ)နှင့် လေးပတ်ဖြစ်ပြီး သင်တန်းအချိန်မှာ မွန်းလွဲ ၁၂နာရီခွဲမှ ညနေ ၃ နာရီအထိဖြစ်သည်။ သင်တန်းသို့ Level-I သင်တန်းတက်ရောက်ပြီးသူများသာ တက်ရောက်နိုင်ပြီး သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် ရုံးချိန်အတွင်း ဒေါက်တာငြိမ်းသီတာသွင် ဖုန်း-၀၉-၅၁၆၆၂၄၇၊ ဒေါက်တာစုနှင်းအိဝင်း ဖုန်း-၀၉-၅၁၁၀၃၁၇ နှင့် မြန်မာနိုင်ငံဆရာဝန်အသင်း (တီဘီစီမံချက်ရုံးခန်း) ဖုန်း-၃၉၄၁၄၁၊ ၃၈၀၈၉၉၊ လိုင်းခွဲ-၁၁၃ တို့ထံသို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(ဆရာဝန်အသင်း)**

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား

ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင် (၄၃)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် အလေးမပြိုင်ပွဲနှင့် ၂၀၁၁ခုနှစ် အမျိုးသားတံခွန်စိုက်အလေးမပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တိုင်းဒေသကြီးနှင့်ပြည်နယ် အလေးမပြိုင်ပွဲနှင့် အမျိုးသားတံခွန်စိုက် အလေးမပြိုင်ပွဲဖွင့်ပွဲ

ရန်ကုန် ဩဂုတ် ၂၇

(၄၃)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲနှင့် ၂၀၁၁ခုနှစ် အမျိုးသားတံခွန်စိုက် အလေးမပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အောင်ဆန်း အားကစားပြိုင်ဝင်းမိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင် အလေးမ အသင်းများ သတ်မှတ်နေရာတွင် နေရာယူကြပြီး ယမန်နှစ်က ချန်ပီယံများဖြစ်ကြသော ရန်ကုန်တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး အသင်းများက မိမိတို့ ဆွတ်ခူးခဲ့ကြသော တံခွန်စိုက်ဒိုင်းဆုကြီးများကို အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်ထံ ပြန်လည်အပ်နှံကြသည်။

ဆက်လက်၍ အားကစား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကိုယ်စား တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်က အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန် (၄)ချက်ကို ရွတ်ဆိုကြပြီး ပထမနေ့ သတ်မှတ်ထားသော ပြိုင်ပွဲ ပွဲစဉ်များကို စတင်ကျင်းပကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးရာသီ ဘိုးလင်းအားကစားပြိုင်ပွဲ ဆုပေးပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

မိုးရာသီ ဘိုးလင်းအားကစား ပြိုင်ပွဲဆုပေးပွဲကို ဩဂုတ် ၂၆ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ် Right Track Bowling Centre ၌ ကျင်းပရာ Rothmans of Poll Mall Myanmar Pte, Ltd. မှ အသင်း ၁၀သင်းအနက် ပထမ (H) အသင်း၊ ဒုတိယ (G) အသင်း၊ တတိယ(C)အသင်းတို့အား ဒုတိယမန်နေဂျင်းဒါရိုက်တာ ဦးသိန်းအောင်နှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။

(မြန်မာ့အလင်း)

နေပြည်တော် Champion Challenge Cup အားကစားပြိုင်ပွဲများ ကျင်းပမည်

နေပြည်တော် ဩဂုတ် ၂၇

အလားအလာရှိသော လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေး၊ အဆင့်မီနိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် ၂၀၁၃ ခုနှစ် နေပြည်တော်တွင် ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ရွေးချယ်မွေးမြူ လေ့ကျင့်ပေးနိုင်ရေးတို့အတွက် ရည်ရွယ်၍ အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနများ ပူးပေါင်းကျင်းပမည့် ၂၀၁၁ခုနှစ် ပထမအကြိမ် နေပြည်တော် Champion Challenge Cup အားကစားပြိုင်ပွဲများကို စက်တင်ဘာ ၂ ရက်မှစ၍ အားကစားနည်း တစ်ခုချင်းစီအလိုက် ကျင်းပသွားမည်ဖြစ်ရာ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဘီလိယက်နှင့်စနူကာပြိုင်ပွဲနှင့် စားပွဲတင် တင်းနစ်ပြိုင်ပွဲများကို စက်တင်ဘာ ၂ ရက်မှ ၈ ရက်အထိလည်းကောင်း၊ အလေးမပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲနှင့် လက်ဝှေ့ပြိုင်ပွဲများကို စက်တင်ဘာ ၁၂ ရက်မှ ၁၈ ရက်အထိလည်းကောင်း၊ ရိုးရာလက်ဝှေ့ပြိုင်ပွဲ၊ စက်ဘီးပြိုင်ပွဲနှင့် ပြေးခုန်ပစ်ပြိုင်ပွဲများကို စက်တင်ဘာ ၂၂ ရက်မှ ၂၈ ရက်အထိလည်းကောင်း အသီးသီးပြုလုပ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲအသီးသီးတွင် အောင်မြင်မှုရရှိသည့် အားကစားသမားများအား ဆုများထိုက်ထိုက်တန်တန် ချီးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။

စုံစမ်းမေးမြန်းနိုင်

အဆိုပါပြိုင်ပွဲသို့ သက်ဆိုင်ရာဒေသအတွင်းရှိ ကလပ်အသင်းများတွင် စုဖွဲ့လေ့ကျင့်လျက်ရှိသော အားကစားသမားများ၊ သွေးသစ်အားကစားသမား ဖော်ထုတ်ရေးအစီအစဉ်အရ နယ်မြေအနှံ့ ရှာဖွေလေ့ကျင့်ပေးလျက်ရှိသော မျိုးဆက်သစ်အားကစားသမားများ၊ အားကစားကို စိတ်ပါဝင်စားကာ နေ့စဉ်လေ့ကျင့်လျက်ရှိသည့် (သတ်မှတ်စံချိန်/စံညွှန်းနှင့်အညီ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် အဆင့်ရှိသည့်) မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး မိမိနေထိုင်ရာ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနများမှတစ်ဆင့် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သန်းထွေးအောင်-အား/ကာ)**

အတ္တသမ္မာ ပဏီဓိစ တော်မင်္ဂလမုတ္တမံ = မိမိကိုယ်ကို ကောင်းစွာစောင့်ထိန်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။

ပြည်သူများ မိုဘိုင်းတယ်လီဖုန်းများကို ဈေးနှုန်းသက်သာစွာဖြင့် ပြောဆိုနိုင်ရေးရည်ရွယ် မိုဘိုင်းတယ်လီဖုန်း တိုးချဲ့တပ်ဆင်ရေးဆောင်ရွက်ရန် လုပ်ငန်းစာချုပ်များ လက်မှတ်ရေးထိုး

နေပြည်တော် ဩဂုတ် ၂၇

ယခုစီမံကိန်းသည် ပုဂ္ဂလိကကဏ္ဍနှင့် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းဖြစ်ပြီး ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက်လည်းကောင်း အဆင်ပြေချောမွေ့စွာ ပြောဆိုဆက်သွယ်နိုင်သည့် ဆက်သွယ်ရေးစနစ်ဖြစ်အောင် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ပုဂ္ဂလိကအခန်းကဏ္ဍမှ မိမိတို့နှင့် ပူးပေါင်းဆောင်ရွက်ကြမည့် လုပ်ငန်းရှင်များအနေဖြင့် မိုဘိုင်း ဆက်သွယ်မှုကွန်ရက်တိုးချဲ့ရေးစီမံကိန်းကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြည်သူလူထုအား GSM မိုဘိုင်း ဆက်သွယ်မှုစနစ် ရရှိသုံးစွဲနိုင်ရေးအတွက် စေတနာထားဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းဖြင့် ဩဂုတ် ၂၆ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် GSM မိုဘိုင်းတိုးချဲ့တပ်ဆင်ရေးစီမံကိန်း ဆောင်ရွက်ရန် လုပ်ငန်းစာချုပ်များ လက်မှတ်ရေးထိုးခြင်း အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

GSM မိုဘိုင်းတိုးချဲ့တပ်ဆင်ရေးစီမံကိန်းဆောင်ရွက်ရန် လုပ်ငန်းစာချုပ်များ လက်မှတ်ရေးထိုးခြင်း အခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

ယင်းနောက် GSM မိုဘိုင်းတိုးချဲ့တပ်ဆင်ရေးစီမံကိန်း

စာမျက်နှာ ၅ ကော်လံ ၄ ✻

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ကွမ်း၊ ကွမ်းသီးဈေး ပုံမှန်ရှိသော်လည်း အရောင်းအဝယ်အေးနေဆဲ။ စာ ၆

မိုက်ကယ်ဂျက် ဆင် ဂုဏ်ပြုကပွဲ ကမ္ဘာကျော်အဆိုတော် ခရစ္စတီးနား သီဆိုမည်။ စာ ၁၂

ကြောင်မလေးမိညိုက မိခင်စိတ်အပြည့်ဖြင့် ကြွက်ကလေးများကို နို့တိုက်ကျွေး။ စာ ၆

နိုင်ငံတကာအားကစားမြင်ကွင်း

ကမ္ဘာ့ပြေးခုန်ပစ်အားကစားပြိုင်ပွဲ မာရသွန်ပြိုင်ပွဲတွင် ကင်ညာအပြေးမယ်ဆွတ်ခူး

မြင့်မောင်စိုး-စုစည်းသည်

ဒေဂူး ဩဂုတ် ၂၇

တောင်ကိုရီးယားနိုင်ငံ ဒေဂူးမြို့၌ ကမ္ဘာ့ပြေးခုန်ပစ်အားကစားပြိုင်ပွဲ ၂၀၁၁ ကို ကျင်းပလျက်ရှိရာ အမျိုးသား မီတာ ၁၀၀၀၀ ပြေးပွဲတွင် ဗြိတိန် အပြေးသမား မိုဖာရပ်က စံချိန် ၂၆ မိနစ် ၄၆ ဒသမ ၅၇ စက္ကန့်ဖြင့် ဗိုလ်စွဲခဲ့ပြီး အမျိုးသမီး မာရသွန်ပြိုင်ပွဲ၌ကင်ညာအပြေးမယ်က ဗိုလ်စွဲခဲ့သည်။

အပြေးသမား မိုဖာရပ်သည် ယခင် ဥရောပ စံချိန်သစ်ကို လည်း ချိုးနိုင်ခဲ့သည်။ ၎င်းသည် ဇွန်လက ဥရောပ စံချိန်ချိုးခဲ့ပြီး နောက် ကမ္ဘာ့နံပါတ်တစ် မီတာ ၁၀၀၀၀ အပြေး ချန်ပီယံ ဖြစ်လာသည်။ ယင်းပြိုင်ပွဲတွင် မီတာ ၁၀၀၀၀ ပြိုင်ပွဲ လေးကြိမ် ဆွတ်ခူးခဲ့သည့် ကင်ညာအပြေးသမား ဘီကီလီဒက်ရာရရှိထားသဖြင့် မပါဝင်နိုင်ခဲ့ပေ။

ယှဉ်ပြိုင်မည်

ဩဂုတ် ၂၉ ရက်တွင် အမျိုးသားမီတာ ၁၁၀ တန်း သမီး မီတာ ၄၀၀ ပြေးပွဲတို့ကို ဆက်လက်ယှဉ်ပြိုင် အမျိုးသား မီတာ ၁၁၀ တန်းကျော်ပြေးပွဲတွင် တရုတ်မှ အများဆုံး ဆွတ်ခူးရန် မျှော်လင့်ထားသည်။ ယင်းပြိုင်ပွဲတွင် ဘလက်နှင့် ဒေးဗစ်အိုလီဗာတို့လည်း အဓိကကစားသမားများ ကစားကြမည်ဖြစ်သည်။ အမျိုးသမီး မီတာ ၄၀၀ ပြိုင်ပွဲတွင် ဆန်ယာရစ်ချတ်ရော့စ် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရ မီတာ ၈၀၀ ပြိုင်ပွဲကို ဩဂုတ် ၃၀ ရက်တွင် ကျင်းပမည်

အမျိုးသမီး မာရသွန်ပြိုင်ပွဲတွင် ကင်ညာအပြေးမယ် အက်နာ ၂ နာရီ ၁၈ မိနစ်နှင့် ၄၃ စက္ကန့်ဖြင့် ပထမဆုံးရွှေတံဆိပ် ဆွတ်ခူး

အက်နာကီပလာဂတ်

ကျော် ပြိုင်ပွဲနှင့် အမျိုး ကစားကြမည်ဖြစ်သည်။ လူရှုန်းသည် ရွှေတံဆိပ် ကျူးဘားမှ ဒေရွန်ရော့ အဖြစ် ပါဝင်ယှဉ်ပြိုင် လက်ရှိကမ္ဘာ့ ချန်ပီယံ သည်။ အမျိုးသား ဖြစ်သည်။

ကီပလာဂတ်က စံချိန် သွားခဲ့သည်။

(အင်တာနက်)

တိုက်ဂါးဝုဒ် ကမ္ဘာ့အဆင့်ကျဆင်း

လန်ဒန် ဩဂုတ် ၂၇

ကမ္ဘာကျော်ဂေါက်သီးရိုက်ကစားသမား တိုက်ဂါးဝုဒ်သည် ဩဂုတ်လအတွက် ကမ္ဘာ့သတ်မှတ်ချက်အဆင့် ထုတ်ပြန်ရာတွင် အဆင့် ၃၅ အထိ ကျဆင်းသွားကြောင်း ကမ္ဘာ့ဂေါက်သီးရိုက်အဖွဲ့ချုပ်က ဩဂုတ် ၂၇ ရက်၌ သတင်းထုတ်ပြန်သည်။ **(အင်တာနက်)**

ယူအီးအက်ဖ်အေစူပါဖလား ဘာစီလိုနာတို့ဆွတ်ခူး

မက်ဒရစ် ဩဂုတ် ၂၇

ဥရောပချန်ပီယံဘာစီလိုနာအသင်းနှင့် ယူရိုပါလိဂ်ချန်ပီယံပေါ်တိုအသင်းတို့ ဩဂုတ် ၂၆ ရက်က ယူအီးအက်ဖ်အေ စူပါဖလားဗိုလ်လုပွဲအဖြစ် မိုနာကိုမြို့၌ ယှဉ်ပြိုင်ကစားကြရာ ဘာစီလိုနာအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ဖလားဆွတ်ခူးသွားခဲ့သည်။ *(အပေါ်ပုံ)*

ပွဲစပြီးမကြာမီ ပေါ်တိုကစားသမားဖရက်ဒီဂူယာရစ် အနီကတ်ဖြင့် ထွက်သွားခဲ့ရသည်။ ဘာစီလိုနာအသင်းအတွက် အဖွင့်ဂိုးကို တိုက်စစ်မှူး မက်ဆီက ပွဲစပြီး ၃၇မိနစ်တွင် သွင်းယူခဲ့သည်။

သွင်းယူပေးခဲ့

ဘာစီလိုနာအသင်းအတွက် ဒုတိယအနိုင်ဂိုးကို လူစားဝင်လာသူ ဖာဘရီဂတ်စ်က သွင်းယူပေးခဲ့သည်။ ပွဲပြီးခါနီးတွင် ပေါ်တိုအသင်းမှ ရိုလန်ဒိုလည်း နှစ်ဝါတစ်နီဖြင့် ထွက်သွားခဲ့ရပြန်သည်။ ဘာစီလိုနာအသင်းသည် ယင်းစူပါဖလားကို နည်းပြဂွါဒီယိုလာလက်ထက်တွင် ဒုတိယအကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြဂွါဒီယိုလာလက်ထက် ဘာစီလိုနာအသင်း ဆွတ်ခူးနိုင်ခဲ့သောဆုဖလားများမှာ စပိန်လာလီဂါဖလား (၂၀၀၈-၂၀၀၉၊ ၂၀၀၉-၂၀၁၀၊ ၂၀၁၀-၂၀၁၁)၊ ကိုပါ ဒီရေးဖလား (၂၀၀၈- ၂၀၀၉)၊ စူပါကိုပါဖလား (၂၀၀၉၊ ၂၀၁၀၊ ၂၀၁၁)၊ ချန်ပီယံလိဂ်ဖလား (၂၀၀၈-၂၀၀၉၊ ၂၀၁၀-၂၀၁၁)၊ ယူအီးအက်ဖ်အေစူပါဖလား (၂၀၀၉၊ ၂၀၁၁)နှင့် ဖီဖာကမ္ဘာ့ကလပ်ဖလား (၂၀၀၉) တို့ဖြစ်သည်။

(အင်တာနက်)